# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၆၁]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။ **(သတင်းစဉ်)**

# စပါးစိုက်ပျိုးရန် အချိန်နှောင်းသွားသည့် မြေများတွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးမည်

နေပြည်တော် စက်တင်ဘာ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အင်္ဂပူမြို့ ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အေးစေတီကျေးရွာသို့ သွားရောက်ပြီး ရေလွှမ်းမိုးခဲ့မှု အခြေအနေများကို စစ်ဆေးကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် အင်္ဂပူမြို့ အမှတ်(၂) ရပ်ကွက်၊ မဟာသုခမ္မာ ကျောင်းတိုက်ဝင်းအတွင်းရှိ စံကျောင်းပရိယတ္တိဓမ္မာရုံ၌ ရှမ်းတောကျောင်းဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာသီရိ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စံကျောင်းဆရာတော် အရှင်စက္ကိန္ဒ (ဂန္ထဝါစကပဏ္ဍိတ) ဓမ္မာစရိယ (အဂ္ဂမဟာကျော်)ထံမှ ***စာမျက်နှာ ၃ ကော်လံ ၁*** ✻



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကညင်ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



◆ ရေကြီး ရေလျှံမှုများကို ကာကွယ်နိုင်ရန်အတွက် လက်ရှိရေတားတမံများကို မြေသားမြှင့်တင်

◆ မြစ်ကြောင်း ထိန်းသိမ်းခြင်း လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူမှုဘဝ ဖွံ့ဖြိုးရေးနှင့်ဘိုးဘွားများ

လူတို့အနေဖြင့် အသက်အရွယ်ကြီးလာပြီဆိုလျှင် စိတ်သွားတိုင်း ကိုယ်မလိုက်နိုင်ကြ၍ အိမ်၌သာ အေးအေးလူလူနေကြသဖြင့် လူမှုအသိုင်းအဝိုင်းနှင့် အဆက်အသွယ်ပြတ်တောက်ကာ ရောဂါဝေဒနာဖိစီးမှုများထက်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် ကြုံတွေ့ကြရလေ့ရှိပါသည်။ ထို့ကြောင့်လည်း အသက်အရွယ်ကြီးသူများသည် လူမှုအသိုင်းအဝိုင်းမှ ဝိုင်းပယ်ထားသကဲ့သို့ ဖြစ်ကြရပါသည်။

အသက်အရွယ်ကြီးလာလျှင်ရုပ်ပိုင်းဆိုင်ရာကုစားမှုများလိုအပ်သလို စိတ်ပိုင်းဆိုင်ရာပြုပြင်ထိန်းကျောင်းမှုများလည်း လိုအပ်လာပါသည်။ အထူးသဖြင့် အသက်အရွယ်ကြီးသူများအဖို့ စိတ်ကျန်းမာရေးသည် အရေးကြီးသည့် အချက်ဖြစ်သည်။ စိတ်ကိုပျော်ရွှင်အောင်နေထိုင်သင့်သည်။ စိတ်ကိုအေးအေးနေသင့်သည်။ တရားဓမ္မနှင့်ပျော်ရွှင်အောင် နေထိုင်သင့်သည်။ ထို့ကြောင့်လည်း သက်ကြီးရွယ်အိုများအဖို့ ရှေးရှေးသော လူကြီးသူမများက အေးအေးနေ နွေးနွေးထားဟု ဆိုကြခြင်းဖြစ်ပါသည်။ ခန္ဓာကိုယ်ကိုနွေးနွေးထွေးထွေးထားပြီး စိတ်ကိုအေးအေးထားရမည်ဟု ဆိုခြင်းပင်ဖြစ်ပါသည်။

ဤသို့နေထိုင်ပြုမူရေးသည် စိတ်ပိုင်းဆိုင်ရာကို ထိန်းကျောင်းနိုင်ရန် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများတွင် မိမိတို့စွမ်းနိုင်သလောက်ပါဝင်ပတ်သက်နေဖို့လိုပါသည်။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ သာမှုနာမှုအစရှိသဖြင့် ပါဝင်ဆောင်ရွက်ကြသောကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများလည်း လျော့နည်းသွားမည်ဖြစ်ပါသည်။

နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ထားပါသည်။ ထိုနေ့ရောက်တိုင်းနိုင်ငံတကာက ဆောင်ပုဒ်တစ်ခုထုတ်ပြန်ပြီး သက်ကြီးရွယ်အိုများအား အသိပေးလေ့ရှိသည်။ ယခုနှစ်ဆောင်ပုဒ်မှာကား "ဘိုးဘွားအားလုံးပါဝင်ဖို့ ရေရှည်တည်အောင်ကြိုးပမ်းစို့" **(Sustainability and Age Inclusiveness in the Urban Environment)** ဟူ၍ ဖြစ်ပါသည်။ ဘိုးဘွားများအားလုံးလူမှုဘဝဖွံ့ဖြိုးမှုအဖုံဖုံတွင် မိမိတို့စွမ်းနိုင်သလောက်ပါဝင်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။

ဤသို့ တိုက်တွန်းထားခြင်းမှာလည်း အမှန်အားဖြင့် ဘိုးဘွားများအတွက်သာ ဖြစ်ပါသည်။ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ကာယအားဖြင့်မပါဝင်နိုင်သည့်တိုင် ဉာဏအားဖြင့် ပါဝင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ပါဝင်ပတ်သက်ခြင်းအားဖြင့် အထီးကျန်စွာနေထိုင်ခြင်းကြောင့် ရရှိလာမည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။

ဘိုးဘွားများအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ အကြံပေးလုပ်ငန်းများပါဝင်နိုင်ပါသည်။ အချို့အသက် ၇၀ ကျော် ၈၀ ဝန်းကျင်ဘိုးဘွားများသည်မိမိတို့ငယ်ရွယ်စဉ်ဘဝဖြတ်သန်းစဉ် ကျွမ်းကျင်ပတ်သက်ရာ လုပ်ငန်းအဖြာဖြာတို့တွင် တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်နေကြဆဲဖြစ်ပါသည်။ ဤသို့ပါဝင်လှုပ်ရှားနေကြ၍လည်း ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်နေသည်ဟု ဆိုကြပါသည်။ သို့ဖြစ်၍ လူမှုဘဝဖွံ့ဖြိုးမှုများတွင် ဘိုးဘွားများလည်း ပါဝင်ကြခြင်းဖြင့် မိမိအတွက် စိတ်လည်းချမ်းသာ ကျန်းမာရေးလည်း ကောင်းသည့်လူမှုဘဝကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။  Established in 1914

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီနှင့် မြို့အမျိုးသား ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ခနူအမျိုးသားများအဖွဲ့ချုပ်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

## ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ထားဝယ် စက်တင်ဘာ ၃၀**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စတုတ္ထအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၈ ရက်က ထားဝယ်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၈၈ ဦး သွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးလှူရှင်များအား အာဟာရတိုက်ကျွေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်တစ်ဦးက "မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ငွေကြေးအနည်းအများနဲ့ လှူဒါန်းမယ့် (အစား) မိမိသွေးကို လှူဒါန်းရတဲ့ ဒါနကုသိုလ်က တန်ဖိုးမဖြတ်နိုင်လို့ အလွန်ဝမ်းသာမိတယ်။ ပြည်သူအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေ အမြဲတမ်းအဆင်သင့်ရှိပါတယ်" ဟု ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## နည်းပညာနှင့် သက်မွေးပညာကဏ္ဍတိုးမြှင့်နိုင်ရေး မြန်မာနှင့် ဩစတြေးလျ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**



နည်းပညာနှင့် သက်မွေးပညာကဏ္ဍတိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့်ဩစတြေးလျနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် Australia Myanmar Vocational Education Leadership Training (VELT) Program ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက်အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် လက်ရှိအနေဖြင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသည်နှင့် တစ်ပြိုင်တည်း နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော နည်းပညာအထက်တန်းကျောင်းနှင့် သိပ္ပံများမှ ကျောင်းအုပ်ကြီးများ၊ စီမံအုပ်ချုပ်မှု ဝန်ထမ်းများကို အရည်အသွေး မြှင့်တင်ရေးသင်တန်းများ ဆောင်ရွက်ပေးနိုင်သဖြင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဩစတြေးလျနိုင်ငံမှ Senior Adviser Project Development Mr.Mal Rowe တို့က နည်းပညာနှင့် သက်မွေးပညာကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသည် နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများကို အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် သင်ကြားသင်ယူမှု ဆိုင်ရာကိစ္စရပ်များ၊ အရည်အသွေးအကဲဖြတ်စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေး သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## စက်မှုနှင့်သက်မွေးပညာ ရွေ့လျား သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ စက်မှုဆိုင်ရာ အသိပညာဗဟုသုတများရရှိရေး၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ဖြစ်ပေါ်ရေး၊ ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းများကို ကျေးလက်ဒေသများအရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)မှ တာဝန်ယူလျက် "စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းအမှတ်စဉ် (၂၂) " (မိုင်းထမ်း) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ကယားပြည်နယ် ဘော်လခဲမြို့နယ် မိုင်းထမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

"စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းအမှတ်စဉ် (၂၂)"(မိုင်းထမ်း) ကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ အခြေခံလျှပ်စစ်ပညာဘာသာရပ်၊ စိုက်ပျိုးရေးသုံးအင်ဂျင်ငယ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း  ၃၀-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၁ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုနှင့် ပတ်ဝန်းကျင်ကျေးရွာများအပေါ် အကျိုးသက်ရောက်မှုအခြေအနေ၊ မြစ်ကြောင်းများ ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကညင်ဆည်၊ မမြဆည်နှင့် နံကသူဆည်များ ကြံ့ခိုင်ထိန်းသိမ်းရေး၊ မိုးရာသီတွင် စုဆောင်းရရှိသည့် ဆည်ရေများကို စနစ်တကျထိန်းသိမ်းပြီး စိုက်ပျိုးရေရရှိရေးအတွက် အသုံးပြုသွားရန်၊ အယ်လ်နီညိုရာသီဥတုအခြေအနေနှင့် အကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်တွက်ချက်ပြင်ဆင်ထားရန်လိုကြောင်း။

ဧရာဝတီမြစ် ရေကြီးရေလျှံမှုကို ကာကွယ်တားဆီးရာတွင် နိုင်ငံတကာ၌ အဓိကမြစ်ကြီးများ၏ ရေကြီးရေလျှံမှု ကာကွယ်တားဆီးရေး အစီအမံများကို လေ့လာသွားရန်လိုကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ရေကြီးရေလျှံမှုကာကွယ်ရေးနှင့် ဆည်၊ တာတမံများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်ရေး အသိပညာပေးသွားရန် ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂပူမြို့ အမှတ်(၂) ရပ်ကွက် မဟာသုခမ္မာကျောင်းတိုက်၌ ဒေသခံပြည်သူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*✱ ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံအများအပြား၌ သာမန်ထက်ထူးကဲသည့် သဘာဝဘေးဒဏ်များနှင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဇူလိုင်လမှစတင်၍ တိုင်းဒေသကြီးလေးခု၊ ပြည်နယ်နှစ်ခုတွင် သဘာဝဘေးကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း။

ထိုကဲ့သို့ သဘာဝဘေးနှင့် ရင်ဆိုင်ရချိန်တွင် နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူများနှင့် နိုင်ငံတကာမှပူးပေါင်းပြီး သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ဆက်လက်ရှင်သန် ရပ်တည်နိုင်ရန်အတွက် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသည့် စိုက်ပျိုးမြေများ၌ စပါးပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ခဲ့သကဲ့သို့ စပါးစိုက်ပျိုးရန် အချိန်နှောင်းသွားသည့် မြေများတွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်ရန်အတွက် လက်ရှိ ရေတားတမံများကို မြေသားမြှင့်တင်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သဘာဝဘေး ကျရောက်ပြီးချိန်တွင် အားနည်းအုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ မိခင်နှင့်ကလေးများ၊ မသန်စွမ်းသူများကို အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ အပါအဝင် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းစောင့်ရှောက်သွားရန်လိုကြောင်း။

ထို့ပြင် ကျန်းမာရေးကဏ္ဍတွင်လည်း နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန်အတွက် အထူးအလေးထား စောင့်ရှောက်ပေးရန် လိုကြောင်း။

အင်္ဂပူမြို့နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရက စီမံချက်ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂပူမြို့ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ ဓာတ်ပုံ-ဦးရဲထွဋ်ဖေစ်ဘွတ်

သဘာဝဘေးဒဏ်ခံစားရသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည် ထူထောင်ပေးရန်လိုကြောင်း၊ သမဝါယမဝန်ကြီးဌာနကလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများမှတင်ပြသည့် ရေကြီးရေလျှံမှုကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကညင်ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ကညင်ရေလှောင်တမံ၏ အကူရေပိုလွှဲ၊ ရေလွှဲဆည်နှင့် ပင်မရေပိုလွှဲတို့အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

# တောင်ငူမြို့နယ် သောင်ကုန်းကျေးရွာနေ ပြည်သူများအား မြေငှားဂရန်များထုတ်ပေး

**တောင်ငူ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၌ ကျေးလက်နေပြည်သူများ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ မြေငှားဂရန်များ ထုတ်ပေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့နယ် သောင်ကုန်းကျေးရွာ၌ ထုတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီး တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့်တာဝန်ရှိသူများက သောင်ကုန်းကျေးရွာနေ ပြည်သူများကို မြေငှားဂရန် ၁၀၃ ခု ပေးအပ်ခဲ့သည်။

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာ၌ ၁၄၇ ခု၊ ထန်းတပင်မြို့နယ် အင်းကျော်ကျေးရွာ၌ ၁၈၆ ခု၊ အုတ်တွင်းမြို့နယ် အင်းဒိုင်းကျေးရွာ၌ ၁၈၄ ခု၊ ဖြူးမြို့နယ် ခင်ဝိုင်းကျေးရွာ၌ ၁၀၄ ခု၊ ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာ၌ ၁၇၂ ခု စုစုပေါင်း မြေငှားဂရန် ၈၉၆ ခု ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၂၃)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ဆီးရီးယားတွင် တပ်ဖွဲ့ဝင်များဖြန့်ကြက်ရေး ရုရှားပါလီမန် တစ်ညီတစ်ညွတ်တည်း အတည်ပြု

မော်စကို စက်တင်ဘာ ၃၀

**ဆီးရီးယားတွင် ရုရှားတပ်များဖြန့်ကြက်ရေး သမ္မတပူတင်၏ တောင်းဆိုမှုအပေါ် ရုရှားပါလီမန်က ဗုဒ္ဓဟူးနေ့တွင် တစ်ညီတစ်ညွတ်တည်း သဘောတူလိုက်ပြီဖြစ်ကြောင်း ကရင်မလင်ထိပ်တန်းလက်ထောက်တစ်ဦးက ပြောကြားလိုက်သည်။**



ရုရှားနိုင်ငံအနေဖြင့် အိုင်အက်စ် စစ်သွေးကြွများနှင့် အနောက်အုပ်စု ကျောထောက်နောက်ခံပြုသူများ၏ တိုက်ခိုက်မှု ပဋိပက္ခအတွင်း သမ္မတ အာဆတ် အစိုးရတပ်များကို ထောက်ပံ့ကူညီရေး ဆီးရီးယား၌ တပ်များ ဖြန့်ကြက်ရန် ကြိုးစားလျက်ရှိသည်။

ဆီးရီးယားသမ္မတက မိမိတို့နိုင်ငံသို့ စစ်ရေးကူညီပေးရန် တောင်းဆိုခဲ့မှုအပေါ် ရုရှားပါလီမန်က မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်အုပ်ချုပ်ရေး အကြီးအကဲ ဆာဂျီအိုင်ဗန်နော့ဗ်က ပြောဆိုလိုက်သည်။

သို့သော် ရုရှားမြေပြင်တပ်များ ဆီးရီးယားပဋိပက္ခတွင် ပါဝင်မည်ဟု ဆိုခြင်းမဟုတ်ဘဲ လေတပ်ကိုသာ အသုံးပြုမည်ဟု ဆိုလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆီးရီးယားရှိ ရုရှားတပ်များ အနေဖြင့် အာဆတ်၏ အကြမ်းဖက်တိုက်ဖျက်ရေးကိုသာ ကူညီပေးဖွယ်ရှိသည်ဟု ဆိုသည်။

**(ရိုက်တာ)**

## တရုတ်နိုင်ငံက သူလျှိုသံသယမှု ဖြင့် ဂျပန်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်း

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်အာဏာပိုင်များက ဂျပန်နိုင်ငံသားနှစ်ဦးကို သူလျှိုလုပ်မှုတွင်ပါဝင်သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်သော ဂျပန်အမျိုးသားတစ်ဦးကို မေလတွင် ဇီကျန်းပြည်နယ် ကမ်းရိုးတန်းဒေသရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံအနီး၌ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ တစ်ချိန်တည်းမှာပင် အခြားတစ်ဦးကို လီနင်ပြည်နယ် တရုတ်-မြောက်ကိုရီးယားနယ်စပ်အနီး၌ သူလျှို သံသယရှိမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တရုတ်နိုင်ငံက ထိုသို့ဖမ်းဆီးထိန်းသိမ်းခြင်းကို နိုင်ငံ၏သူလျှို ဆန့်ကျင်ရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သည် ဟု ဖော်ပြခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသော ဂျပန်နိုင်ငံသားများကို ပြန်လွှတ်ပေး၊ မပေး ဆိုသည်ကိုမူ အသေအချာမသိရသေးပေ။

လွန်ခဲ့သော နိုဝင်ဘာလ၌ သူလျှိုတိုက်ဖျက်ရေးဥပဒေကို အကောင်အထည်ဖော်ခဲ့ကတည်းက တရုတ်နိုင်ငံသည် ၎င်း၏ သူလျှိုဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

## မွမ်ဘိုင်းရထားပေါက်ကွဲမှု၌ လူငါးဦးကိုသေဒဏ်ချမှတ်

**နယူးဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ တရားရုံးတစ်ရုံးက ၂၀၀၆ ခုနှစ် ဇူလိုင်လက ဖြစ်ပွားခဲ့သော မွမ်ဘိုင်းမီးရထားပေါက်ကွဲမှု၌ ပါဝင်ခဲ့သော လူ ၁၂ ဦးကို ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့သည်။ လူငါးဦးကို သေဒဏ်ချမှတ်ခဲ့ပြီး အခြားခုနစ်ဦးကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပါမီးရထားပေါက်ကွဲမှု၌ လူပေါင်း ၁၉၀ သေဆုံးခဲ့ကာ ၈၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါအမှုနှင့်ပတ်သက်ပြီး လူ ၁၃ ဦးကို ဖမ်းဆီးခဲ့သော်လည်း တစ်ဦးကို ပြစ်မှုမမြောက်သည့်အတွက် ပြစ်ဒဏ်မှ တရားသေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



## ဆီးရီးယားသူပုန်လေ့ကျင့်သင်တန်းပေးရေး အမေရိကန်ရပ်ဆိုင်း

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်အနေဖြင့် နိုင်ငံအပြင်ဘက် ဆီးရီးယားစစ်မြေပြင်မှ တပ်သားသစ်များ စုဆောင်းပြီး လေ့ကျင့်သင်ကြားပေးမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

အမေရိကန်၏စစ်ရေးအစီအစဉ်ပြောင်းလဲသွားခြင်းကြောင့် အဆိုပါအစီအစဉ်ကို ရပ်ဆိုင်းထားမည်ဟုဆိုသည်။ တိုက်ခိုက်ရေးသမား ၆၀ ထက်မနည်း ဆီးရီးယား အယ်လ်ခိုင်ဒါဖြစ်သည့် နူဆရာတပ်ဦးအဖွဲ့၏တိုက်ခိုက်ခံရခြင်းသို့မဟုတ် ဖမ်းဆီးခံရခြင်းတို့ကြောင့်လည်းဖြစ်ကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အမေရိကန်တို့လေ့ကျင့်ပေးထားသော သူပုန်များသည် ယင်းတို့၏ လက်နက်များကို လွန်ခဲ့သောသီတင်းပတ်က နူဆရာတပ်ဦးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ဆိုသည်။

**(ရိုက်တာ)**

## ဆီးရီးယား အခက်အခဲပြဿနာနှစ်ရပ်နှင့် ရင်ဆိုင်နေရ

**လန်ဒန် စက်တင်ဘာ ၃၀**

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဖီးလစ်ပ်ဟမ်မောင့်က စစ်ပွဲဒဏ်ခံ ဆီးရီးယားသည် အဓိကအခက်အခဲပြဿနာနှစ်ခုကို ရင်ဆိုင်နေရပြီးတစ်ခုမှာ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအရေးဖြစ်ကာ တစ်ခြားတစ်ခုမှာ သမ္မတအာဆတ် အုပ်ချုပ်ရေးတို့ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက်က နယူးယောက်၌ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဟမ်မောင့်က စစ်သွေးကြွများကိုဆန့်ကျင်တိုက်ဖျက်ရန်နှင့် သမ္မတအာဆက်ဖြုတ်ချရေးတို့အတွက် မူဘောင်တစ်ခုလိုအပ်ကြောင်း ပြောခဲ့သည်။

ထို့အပြင်၎င်းက ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရန်နက်နဲသောနိုင်ငံရေး လုပ်ဆောင်ချက်များကို ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ အစောပိုင်း၌ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဗြိတိန်နိုင်ငံသည် အာဆတ်အစိုးရကို နှစ်ကာလကြာမြင့်စွာ အုပ်ချုပ်ရန်အတွက် လက်သင့်ခံမည်မဟုတ်ကြောင်း အမေရိကန် ရုပ်သံတစ်ခု၌ ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## အလုံး ၂၀ မြောက် ဂြိုဟ်တု တရုတ်လွှတ်တင်

**စီချမ် စက်တင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဗုဒ္ဓဟူးနေ့ ပေကျင်းစံတော်ချိန် နံနက် ၇ နာရီ ၁၃ မိနစ်တွင် ကမ္ဘာလုံးဆိုင်ရာ သွားလာမှုကို အထောက်အကူပြုမည့် ဂြိုဟ်တုသစ်တစ်လုံးကို လွှတ်တင်လိုက်သည်။

အဆိုပါ ဂြိုဟ်တုကို စီချမ်ပြည်နယ် အနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ Long March -3B ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုသည် ဘိုင်ဒိုးမြေပြင်လေ့လာရေး ဂြိုဟ်တုစနစ် (ဘီဒီအက်စ်)မှ လွှတ်တင်ခဲ့သော အလုံး ၂၀ မြောက် ဂြိုဟ်တုဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန်၏ ဂျီပီအက်စ်စနစ်ကို အစားထိုးနိုင်မည့် လမ်းညွှန်မြေပုံစနစ်ကို ပြောင်းလဲသုံးစွဲနိုင်ရန် ခြေလှမ်းတစ်ရပ်ဆီသို့ ချဉ်းကပ်လာပြီဟု ဆိုသည်။

**(ဆင်ဟွာ)**



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညာဏ်ထွန်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုးများကျရောက်မှုမှ ကာကွယ်နိုင်မည့်မူဝါဒများချမှတ်ရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၃၀




**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ Banquet Hall ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဦးညာဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ ကိုယ်စားလှယ်များ၊ ဖက်စပ်ခရီးသွားကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ခရီးသွားလုပ်ငန်း၏ ဦးဆောင်မှုအခန်းကဏ္ဍ အရေးပါမှုကို အထူးပြုသော **“လူမှုဘဝတိုးတက်ဖို့”** ဟူသည့် ဆောင်ပုဒ်အား ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်အဖြစ် ယခင်နှစ်က သတ်မှတ်ခဲ့ပါကြောင်း၊ ယခု ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို လက်ခံကျင်းပသည့် နိုင်ငံများအတွက် **“ကုဋေကုဋာ ဧည့်များလာ၊ အခွင့်အလမ်းလည်းတူညီစွာ”** ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ခဲ့ကြပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်နှစ်ခုလုံးမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးမားသောစိန်ခေါ်မှုများ ရင်ဆိုင်နေရသည့် ယနေ့ကာလနှင့် များစွာ ဆီလျော်ကိုက်ညီမှု ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သန်းပေါင်းများစွာသော အခွင့်အလမ်းများကို ဖန်တီးပေးသင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေကြီးမှု ဖြစ်စဉ်တွင် လူဦးရေနှစ်သန်းခန့်သည် သဘာဝဘေးအန္တရာယ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး ပြည်သူအများစုသည်လည်း စီးပွားရေးထိခိုက်မှုနှင့် အကျိုးသက်ရောက်မှုများကိုပါ ခံစားကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းများတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍအဖြစ် ပါဝင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး ကာလသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပွင့်လင်းရာသီနှင့် တိုက်ဆိုင်နေပြီး ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုမှ အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလှည့်ခရီးသည်တစ်သန်းကျော် ရောက်ရှိအောင် ဆွဲဆောင်နိုင်ခဲ့ပြီး သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းအနေဖြင့် တစ်နှစ်အတွင်း လျင်မြန်စွာတိုးတက်လာပြီး ၂၀၁၃ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၀၄ သန်း လက်ခံရရှိခဲ့သည့်အတွက် နှစ်ဆတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခင်နှစ်က ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈ သန်း လာရောက်ခဲ့ပြီး ယခုနှစ်မှာ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ် ခံစားခဲ့ရသော်လည်း ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်း လက်ခံရရှိမည်ဟု မျှော်မှန်းထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍမှ အခွင့်အလမ်းကောင်းများကို အသုံးချပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အရှိန်အဟုန်မြှင့်တင်ရန် မြန်မာနိုင်ငံ အစိုးရအတွက် အရေးကြီးပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အိမ်နီးချင်းနိုင်ငံများရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်က ချမှတ်ခဲ့သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင် ပါဝင်သော အဓိကဦးစားပေး ကဏ္ဍများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းမူဝါဒ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒနှင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် တိုးတက်ပေါ်ထွက်လာနေသည့် ခရီးစဉ်ဒေသအဖြစ် ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့်အတွက် ခရီးသွားလုပ်ငန်းတွင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် Lonely Planet Travelers က ပေးအပ်ချီးမြှင့်သော “Best in Travel AEC Country Award” ကို ရရှိခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ အလားအလာကို သက်သေပြနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ သဘာဝအခြေခံခရီးစဉ်ဒေသများ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထပ်တိုးလုပ်ငန်းစဉ်များအနေဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယဉ်ကျေးမှု အမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုးများ ကျရောက်မှုမှ လျော့နည်း/ကာကွယ်နိုင်မည့် မူဝါဒများချမှတ်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ မူဝါဒများသည် အမွေအနှစ် တန်ဖိုးအပြင် အမွေအနှစ်ဒေသများရှိ လူသားများ၏ အသက်၊ ပိုင်ဆိုင်မှုဥစ္စာများနှင့် လူမှုဘဝများကို ထိခိုက်မှုလျော့နည်းစေရေး ဦးတည်သင့်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပျူရှေးဟောင်းမြို့ သုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာသွင်းနိုင်ခဲ့ပါကြောင်း၊ အခြားဒေသများကိုလည်း တရားဝင်စာရင်းသွင်းနိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်နိုင်မည့် သင့်လျော်သော ဘေးအန္တရာယ်ကျရောက်မှု စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်သင့်ပါကြောင်း။

မကြာသေးမီက ကြုံတွေ့ခဲ့ရသော ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်အားလုံးကို လျော့ကျစေမည့် ထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းအားဖြင့် အခွင့်အလမ်းသန်းပေါင်းများစွာ ဖန်တီးပေးမည့် ပြုပြင်ပြောင်းလဲမှုများကို ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နိုင်ငံတကာ အသိုက်အဝန်းများနှင့် ပူးတွဲလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မစ္စတာဘာထရမ်ဗိန်းဗဲလ်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာထာလစ်ရီဖိုင်က ပေးပို့သည့် သတင်းစကားရုပ်/သံမှတ်တမ်းကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိကြသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက နှစ်လိုဖွယ်ရာ ပြည်မြန်မာ ခေါင်းစဉ်ဖြင့် ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဝန်ဆောင်မှုစွမ်းရည် အကောင်းဆုံးဆုရရှိသည့် Chatrium Hotel နှင့် Kenpinski Hotel တို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဝန်ဆောင်မှုစွမ်းရည်အကောင်းဆုံး ခရီးသွားကုမ္ပဏီဆုရရှိသည့် Exo –Travel Myanmar နှင့် Myanmar Vovages International Tourism တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ဆုရ စာစီစာကုံးများ၊ ဓာတ်ပုံများနှင့် ခရီးသွားဖွံ့ဖြိုးရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ကျင်းပ

**ကသာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌စက်တင်ဘာ ၃၀ ရက်က ကသာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းပြီး ကျင်းပသော ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ (World School Milk Day) အခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ၃၆၅ဦးတို့အား နွားနို့ပိသာချိန် ၄၀၊ ကြက်ဥ အလုံး ၄၂၀ နှင့် ပေါင်မုန့် ၄၂၀ တို့ကို တိုက်ကျွေးခဲ့ကြောင်းသိရသည်။

**ဦးရဲ(ကသာ)**

# ကောင်းမြတ်သောဆရာဟူသည်

**မလေးငုံ(ရန်ကုန်တက္ကသိုလ်)**

ဆရာဟူသည် "အာစရိယ" ဟူသော ပါဠိဘာသာမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ အချို့က "ဆာယာ"ဟူသော ပါဠိစကားမှ ဆင်းသက်လာသည်ဟု ဆိုသည်။ အချို့ကမူ သက္ကတစကား "အာစာရ" မှ ဆင်းသက်လာသည်ဟု ဆိုထားပြန်သည်။ အချို့မူကား"ဆ" ဟူသည် ချိန်ချိန်ဆဆ နှိုင်းနှိုင်းဆဆပြုတတ်သူ "ရာ" ဟူသည် အရာခပ်သိမ်းအရာအားလုံး. . .။ ထို့ကြောင့် "ဆရာ. . ဟူသည် အရာခပ်သိမ်း အရာအားလုံး ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ ပြုမူလုပ်ကိုင်တတ်သူ" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြပြန်သေးသည်။

ဆရာများတွင် သင်ဆရာ(မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)၊ ကြားဆရာ(သုတာစရိယ) ဟူ၍ ဆရာသုံးမျိုးရှိကြောင်း သိမြင်မှတ်သားရသည်။ သင်ဆရာဟူသည်ကား ကိုယ်ထိလက်ရောက် ကျကျနနသင်ပြပေးသော ဆရာမျိုးဖြစ်သည်။ မြင်ဆရာဟူသည်ကား "သူလုပ်ကိုင်နေသည်ကို တွေ့ကာမြင်ကာမျှဖြင့် တတ်မြောက်ခြင်းရှိသူ၏ဆရာ" ကိုခေါ်သည်။ ကြားဆရာဟူသည် "သူပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်ခြင်းရှိသူ၏ ဆရာ" ကို ခေါ်သည်ဟု သုတေသနသရုပ်ပြအဘိဓာန်တွင် ပြည့်ဝစုံလင်စွာ ဖွင့်ဆိုပြထားသည်။ မြန်မာစာအဖွဲ့က ထုတ်သော မြန်မာအဘိဓာန်တွင် "ဆရာဟူသည် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမလမ်းပြသူ၊ အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်သူ" ဟူ၍ ဖွင့်ဆိုထားပါသည်။ မည်ကဲ့သို့ပင် တီထွင်ကြံဆအဓိပ္ပာယ်ဖွင့်ဆိုကြသည်ဖြစ်စေ ဆရာဟူသည်

**"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်**
**နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း**
**ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍**
**ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ"** ပင်ဖြစ်သည်။

ဆရာဟူသည် သင်ကြားခြင်းအတတ်၌ ဝါသနာထုံသူလည်းဖြစ်ရမည်။ တပည့်တို့အပေါ် စေတနာကောင်းထားသူလည်း ဖြစ်ရမည်။ တပည့်တို့၏ အကျိုးနှင့်ပတ်သက်လာလျှင် အနစ်နာခံနိုင်သူလည်းဖြစ်ရမည်။ သင်ကြားပို့ချရာတွင် ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက်ရှိစေဖို့အတွက် စာဖတ်နာသူလည်း ဖြစ်ရပါမည်။ တပည့်တို့၏ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝရှုန်းလဲ့တောက်ပစေဖို့အတွက် ကျောသားရင်သားမခွဲခြားဘဲ အကြင်နာတရား အပြည့်အဝနှင့် သင်ကြားဆုံးမတတ်သူလည်း ဖြစ်ရမည်။ သို့မှလည်း ဆရာကောင်းဆရာမြတ်တို့၏ စရိုက်သဘာဝနှင့် လိုက်ဖက်ပြီး "အာစရိယ ဂုဏော အနန္တော" ဟူသော ဂုဏ်ကို လက်တွေ့ကျကျ သရုပ်ဖော်ရာ ရောက်ပေလိမ့်မည်။

**ဆရာကောင်း ဆရာမြတ်များသည် တပည့်များအပေါ်တွင် အယုတ်၊ အလတ်၊ အမြတ် မခွဲခြားဘဲ တစ်ပြေးညီ သင်ကြားပေးတတ်ကြသည်။ တပည့်များကို စာတွေ့ပိုင်နိုင်သည့် ကျောင်းသားများဖြစ်အောင် ကြိုးပမ်းဖို့လည်း ဆုံးမတတ်သည်။ လက်တွေ့ပိုင်နိုင်သည့် ကျောင်းသားများဖြစ်အောင် အားထုတ်ဖို့လည်း တိုက်တွန်းသည်။ အစစအရာရာတွင် လိမ္မာရေးခြားရှိစေရန် နာကျင်ဖွယ်၊ နာပျော်ဖွယ်ဖြစ်အောင် စနစ်တကျ ထောက်ပြဆုံးမပေးတတ်**

ဆရာကောင်း ဆရာမြတ်ဟူသည် "ထက္ကြ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ကြီးသူဂုဏ်အင်္ဂါ" ဟူသော နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံသင့်သည်။ "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ" ဟူသော သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့်လည်း လိုက်ဖက်သင့်သည်။ သို့မှလည်း ဘုရားနှင့် တစ်ဂိုဏ်းတည်းထားသော "အနန္တောအနန္တ" ဂိုဏ်းဝင်ဟူသော ဂုဏ်ပုဒ်နှင့် ထာဝရလိုက်ဖက်တင့်မောနိုင်ပါလိမ့်မည်။

ဆရာကောင်း ဆရာမြတ်များသည် တပည့်များအပေါ်တွင် အယုတ်၊ အလတ်၊ အမြတ် မခွဲခြားဘဲ တစ်ပြေးညီ သင်ကြားပေးတတ်ကြသည်။ တပည့်များကို စာတွေ့ပိုင်နိုင်သည့် ကျောင်းသားများဖြစ်အောင် ကြိုးပမ်းဖို့လည်းဆုံးမတတ်သည်။ လက်တွေ့ပိုင်နိုင်သည့် ကျောင်းသားများဖြစ်အောင် အားထုတ်ဖို့လည်း တိုက်တွန်းသည်။ အစစအရာရာတွင် လိမ္မာရေးခြားရှိစေရန် နာကျင်ဖွယ်၊ နာပျော်ဖွယ်ဖြစ်အောင် စနစ်တကျ ထောက်ပြဆုံးမပေးတတ်သည်။

ဆရာကောင်းဆရာမြတ်များနှင့် တွေ့သူများသည် နွံမှာနစ်သော်လည်း အရောင်မညစ်သည့် ပတ္တမြားကောင်းတို့နှင့် တူသည် ။"ငါနှင့် ငါသာ နှိုင်းစရာ" ဟုလည်း အတ္တမာန ဟုန်းဟုန်းမထ။ "ခြေသုတ်ပုဆိုးမြေစွယ်ကျိုး"ကဲ့သို့လည်း နှိမ့်ချကျိုးနွံတတ်သည်။ "ဘဝ အစင်း၊ လမင်းတစ်ရာ" ဖြစ်အောင်လည်း ဖန်တီးတတ်သည်။ ဆရာကောင်း၊ ဆရာမြတ်များနှင့်တွေ့သော တပည့်ကောင်းများသည် ပန်းကောင်းပန်နိုင်ကြပေလိမ့်မည်။ သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်းနားခိုရာ အရိပ်အာဝါသကြီးဖြစ်လာနိုင်သကဲ့သို့ ဆရာကောင်း၊ ဆရာမြတ်တစ်ဦးကြောင့် များပြားလှစွာသော အနာဂတ်အင်အားသစ်ကြီးဖြစ်သော တပည့်များစွာ ပေါ်ထွန်းထွက်ပေါ်လာမည်ဖြစ်သည်။

ဆရာကောင်းဆရာမြတ်နှင့်ပတ်သက်၍ ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဆရာကြီး ဦးသောင်းထွန်းက စံသတ်မှတ်ချက်နှစ်ရပ်ကို ညွှန်းဆိုပါသည်။ ၎င်းတို့မှာ "စ" ငါးလုံးဆောင် "အ" ငါးလုံးရှောင်ရမည် ဟူ၍ ဖြစ်ပါသည်။"စ" ငါးလုံးဆောင်ရန်ဟူသည်မှာ (၁) စိတ်ဓာတ်မွန်မြတ်ခိုင်မာခြင်း၊ (၂) စေတနာမွန်ခြင်း၊ (၃) စည်းကမ်းရှိသေလိုက်နာခြင်း၊ (၄) စာပေကို စနစ်တကျ လေ့လာခြင်းနှင့် (၅) စိစစ်ဝေဖန်သည့် အလေ့အကျင့် ပျိုးထောင်ခြင်းဟူ၍ ဖြစ်ပြီးရှောင်ရန် "အ" ငါးလုံးမှာ (၁)အဂတိတရားလေးပါးရှောင်ရန်၊ (၂) အရှက်မရှိသူများ အလဇ္ဇီဖြစ်ခြင်းကို ရှောင်ရန်၊ (၃) အချောင်ခိုမှုကို ရှောင်ရန်၊ (၄)အစွန်းရောက်မှုကိုရှောင်ရန်၊ (၅)အသပြာလောဘ၏ လွှမ်းမိုးမှုကိုရှောင်ရန်တို့ပင် ဖြစ်သည်။ သို့မှသာ မြင့်မြတ်ပြီး အတုယူလေးစားဖွယ် ကြည်ညိုဖွယ်ကောင်းသော မြတ်ဆရာဖြစ်ပေလိမ့်မည်။

ရန်ကုန်တက္ကသိုလ် အငြိမ်းစား မြန်မာစာဌာန ပါမောက္ခဌာနမှူး ဆရာကြီး ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)ကလည်း "တပည့်တွေရဲ့ အိတ်ကပ်ထဲက ပိုက်ဆံကို နှိုက်သုံးနေတဲ့ဆရာမျိုးမဖြစ်ကြစေနဲ့"ဟု ဌာနရှိ ဆရာ ဆရာမများကို မကြာခဏ သွန်သင်ဆုံးမလေ့ရှိသည်။ ဆရာဟုဆိုရာတွင် သာမန်သင်ကြား ပို့ချလမ်းညွှန်ပေးသောဆရာမျိုးရှိသကဲ့သို့ ဆရာ့ဂုဏ်အင် ဆရာ့ကျင့်ဝတ်နှင့် ပြည့်စုံပြီး သိက္ခာနှင့်ရှင်သန်တတ်သော ဆရာမြတ်များလည်းရှိပါသည်။ မြတ်ဆရာတို့သည် သိက္ခာကို တန်ဖိုးထားတတ်သူများဖြစ်သည်။ သိက္ခာဟူသည်ကား အကျင့်သီလကိုဆိုလိုသည်။ ဆရာသည် ဆရာ့ကျင့်ဝတ်ဖြစ်သော

**"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊**
**သိပ္ပမကျန်၊ ဘေးရန်ဆီးကာ**
**သင့်ရာအပ်ပို့ ဆရာတို့**
**ကျင့်ဖို့ဝတ်ငါးဖြာ"** ကို အစဉ်အလေးဂရုပြု စောင့်ထိန်းကျင့်ကြံသူတို့မှာ မြတ်ဆရာများပင်ဖြစ်သည်။

"မျိုးလွတ်တော့ ကိုင်း၊ ဆရာလွတ်တော့ရိုင်း"တတ်သဖြင့် ဆရာသည် မရှိမဖြစ်လိုအပ်သည်။ ဆရာဂုဏ်ကျေးဇူးကိုလည်း ဦးထိပ်ပန်ဆင်အပ်လှပါသည်။

**"ရင်ဝယ်ဖြစ်ငြား မွေးသည့်သားကို**
**မယ်ဖွားမိခင် ဆုံးမသင်သို့**
**အကြင်ဆရာ တို့သင်ငါကို**
**လိမ္မာစေကြောင်း....ကောင်းပါစေလို**
**ဆိုပါသမျှ ဩဝါဒ...ကား**
**အတုမဲ့အနှိုင်းမဲ့ ကျေးဇူးရှင်များ"** ပင်ဖြစ်ပါသည်။

ဆရာတို့၏ ဂုဏ်ကျေးဇူးကိုဖော်ကျူးရန် ၂၀၀၂ ခုနှစ်မှစ၍ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့ပါသည်။ မြတ်ဆရာတို့၏ ဂုဏ်သည် မြန်မာများနှင့် ဗုဒ္ဓအဆုံးအမကိုခံယူသော ဘာသာဝင်များသာမက ကမ္ဘာအနှံ့လူမျိုးအစုံကိုးကွယ်သည့် ဘာသာအဆုံးအမကွဲပြားသော လူသားအားလုံးတွင် အထင်ကရအရေးတယူအလေးအနက်ပြုထိုက်ကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။




# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲဆုရရှိသူများ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏ အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို ရေနံချောင်းဒီဂရီကောလိပ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဆွေဦး၊ ဒုတိယဆုကို မကွေး ပညာရေးကောလိပ်မှ ကထိက ဦးခင်မောင်ကြင်၊ တတိယဆုကို ပဲခူးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ နွယ်နွယ်စိုး၊ အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဦးဝင်းလှိုင်၊ ဒုတိယဆုကို ဝမ်းတွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သဖန်းမှ အထက်တန်းပြ ဦးချမ်းငြိမ်းစိုး၊ တတိယဆုကို ပဲခူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဒေါ်လွင်လွင်သန်း၊ အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏ အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို အမရပူရမြို့နယ် အခြေခံပညာမူလတန်းကျောင်း တလိုင်းစုမှ အလယ်တန်းပြ ဒေါ်သီရိ၊ ဒုတိယဆုကို ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ဌေးဌေးကြွယ်၊ တတိယဆုကို ပြင်ဦးလွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်ခင်ခင်မိုး၊ အခြေခံပညာ မူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **ပညာရေးမြှင့်တင်မှုနှင့် ဆရာ၏အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ပထမဆုကို တွံတေးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(၇)မှ မူလတန်းပြ ဒေါ်နန်းထိုက်အောင်၊ ဒုတိယဆုကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းပြကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း၊ တတိယဆုကို မိုင်းခတ်မြို့နယ် အိုက်လန်းကောင် အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်တင့်တင့်ဝင်းတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် **ဂုဏ်ယူလေးစား အားထားရသည့် မြတ်ဆရာ**ခေါင်းစဉ်ဖြင့် ပထမဆုကို စစ်ကိုင်းပညာရေးကောလိပ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မအိမ့်နဒီအောင်၊ ဒုတိယဆုကို မုံရွာပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မမြတ်ပိုပိုကျော်၊ တတိယဆုကို ပြည်မြို့ ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မဆွေဇင်ဖြိုး၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **တန်ဖိုးရှိလှ ဆရာ့ဘဝ** ခေါင်းစဉ်ဖြင့် ပထမဆုကို မုဒုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနိုနိုယွန်း၊ ဒုတိယဆုကို ကျုံပျော်မြို့နယ် အထောင် အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မအိရွှေရည်၊ တတိယဆုကို ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မခိုင်ဝါထွန်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **တန်ဖိုးရှိလှ ဆရာ့ဘဝ** ခေါင်းစဉ်ဖြင့် ပထမဆုကို မုဒုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဟန်မီစံ၊ ဒုတိယဆုကို လေ့ကျင့်ရေးအလယ်တန်းကျောင်း စစ်ကိုင်းပညာရေးကောလိပ်မှ ဆဋ္ဌမတန်းကျောင်းသူ မမေမွန်သိန်း၊ တတိယဆုကို ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအေးမြတ်ရွှေရည်မင်း၊ ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲတွင် **ဘက်စုံထူးချွန် ဆရာမွန်** ခေါင်းစဉ်ဖြင့် ပထမဆုကို ဘိုကလေး ပညာရေးကောလိပ် လုပ်ငန်းခွင် အကြိုဆရာ အတတ်ပညာ ဒီပလိုမာ သင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မအေးမီမင်း၊ ဒုတိယဆုကို မကွေး ပညာရေးကောလိပ် PPTT (၂/၁၅) မှ ဒုတိယနှစ်သင်တန်းသား မောင်စိုင်းဟေမာန်ထွန်း၊ တတိယဆုကို ဘားအံ ပညာရေးကောလိပ် လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းမှ ဒုတိယနှစ်သင်တန်းသူ မနွေဦးဝေ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် **အမြတ်နိုးဆုံးဆရာ** ခေါင်းစဉ်ဖြင့် ပထမဆုကို မြိတ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား မောင်ကောင်းဆက်ဟိဏ်း၊ ဒုတိယဆုကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်း ကျောင်းသူ မသင်းသင်းဝေ၊ တတိယဆုကို ကော့ကရိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခင်ကြွယ်ကြွယ်ဌေး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် **အမြတ်နိုးဆုံးဆရာ**ခေါင်းစဉ်ဖြင့် ပထမဆုကို မြဝတီမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသား မောင်စွမ်းသူရ၊ ဒုတိယဆုကို ပြည်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မယွန်းရတီမြတ်၊ တတိယဆုကို စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသန့်ကြည်ဖြူတို့က ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၃ ရက်တွင် အစမ်း လေ့ကျင့်ရမည်ဖြစ်၍ **အောက်တိုဘာ၂ ရက် (သောကြာနေ့) အရောက်** ဦးစိုးဝင်း နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၀၂၅၁၃၅၄၉၊ ဦးဟန်ဝင်း လ/ထ ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၉၂၂၁၄၀၀ ထံသို့ မပျက်မကွက် ရောက်ရှိကြောင်း သတင်းပို့ပြီး **နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် လူကိုယ်တိုင်ရောက်ရှိ (မပျက်မကွက်) တည်းခိုနေထိုင်ကြရမည်**ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**တာချီလိတ် စက်တင်ဘာ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယမန်နေ့နံနက် ၇ နာရီခွဲက ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုတွေ့ဆုံ၍ ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့ သုံးဖွဲ့ဖြစ်သည့် Carter Center/ EU/ ANFREL အဖွဲ့များကို လာရောက်လေ့လာခွင့်ပြုထားသည့်ကိစ္စ၊ မဲစာရင်းမှန်ကန်ရေး၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးရေးကိစ္စ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ ပုံစံ(၁၅)များဖြင့် တောင်းဆိုခြင်း၊ ကပ်ထားကြေညာရမည့် ပုံစံ(၁-၁)၊ (၁-၂)၊ (၁-၃) ကိစ္စများ ဆွေးနွေးပြောကြားသည်။





ထို့နောက် ရဟတ်ယာဉ်ဖြင့် တာချီလိတ်မြို့သို့ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ ဓမ္မသီရိအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည့် တာချီလိတ်ခရိုင်အတွင်း ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပဆောင်ရွက်ပေးနိုင်ရေးအတွက် ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် စီမံချက်ချဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်စပိုင်းမှစ၍ မဲစာရင်းများကို လေးကြိမ်တိုင် ကပ်ထားကြေညာခဲ့ကြောင်း၊ နောက်ဆုံးမဲစာရင်းများကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ကပ်ထားပြီးဖြစ်ရာ မဲစာရင်းများ လာရောက်ကြည့်ရှုပြီး မဲစာရင်းအမှန်ရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ သာမက အုပ်ချုပ်ရေးအဖွဲ့များ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့များအား လူမှုအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို ကော်မရှင်အနေဖြင့် ဖိတ်ကြားလေ့လာ စောင့်ကြည့်စေမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများကိုလည်း လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**



# လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဩစတြေးလျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသ ကာကွယ်စောင့်ရှောက်ရေးဌာန ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဩစတြေးလျသံရုံးမှ မဲခေါင်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Greg Kelly နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနှင့် ဩစတြေးလျနှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် စက်ကိရိယာများ ပံ့ပိုးကူညီဆောင်ရွက်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ယိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြုပြင်ပြောင်းလဲရေးကိစ္စ အပြုသဘော ဆက်လက်ပံ့ပိုးကူညီပေးရန်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၉ ရက်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသို့ လည်းကောင်း၊ အစ္စလာမ်မစ်နိုင်ငံ ထူထောင်ရေးဆိုင်ရာ အစွန်းရောက်အကြမ်းဖက်အဖွဲ့ တိုက်ဖျက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ လည်းကောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တွေ့ဆုံသည့် အစီအစဉ်သို့လည်းကောင်း တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်များအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ ပွင့်လင်းမြင်သာ၍ လွတ်လပ်မျှတသော အထွေထွေရွေးကောက်ပွဲဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ လူ့အခွင့်အရေး တိုးမြှင့်ကာကွယ်ရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ လှေစီးသွားလာသူများ ကိစ္စရပ်အပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ၊ ပြည်တွင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့သည့်ကိစ္စ၊ ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအပေါ် အပြုသဘောဖြင့် ဆက်လက်ပံ့ပိုးကူညီပေးရန်ကိစ္စ စသည့်ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။ **(သတင်းစဉ်)**

# ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၅-၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၃ ဒသမ ဝ၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၀၈ ဒသမ ၅၀ နှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၁ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၉ ဒသမ ၇၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဩဂုတ်လအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၁၈ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၃၅ ဒသမ ၉၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၈ ဒသမ ဝ၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၀၃ ဒသမ ၉၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၅၁ ဒသမ ၇၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၆ ဒသမ ၅၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၉၈ ဒသမ ၂၈ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၄၀၂ ဒသမ ၂၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၁၉၄ ဒသမ ၃၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့တိရစ္ဆာန်များနေ့ လမ်းလျှောက်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘာ့တိရစ္ဆာန်များနေ့ အထိမ်းအမှတ် (GLOBAL MARCH FOR ELEPHANTS & RHINOS )စုပေါင်းလမ်းလျှောက်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ ကန်တော်ကြီး (မျှော်စင်ကျွန်း)၌ ကျင်းပမည်ဖြစ်ရာ တိရစ္ဆာန်ချစ်သူ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

ရေကြီး ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့သော ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပ အစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ထိုင်းနိုင်ငံ KASIKORN BANK (K Bank)က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားနှင့် Sustainable Water Management အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်နှင့် First Senior of KASIKORN Bank Mr. Pattanapong Tansomboon တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို First Senior of KASIKORN Bank Mr. Pattanapong Tansomboon က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် ပြီးစီးကြောင်းနှင့် အခမ်းအနားသို့ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# ဒုတိယအကြိမ်မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့၌ကျဆင်း

**ညောင်တုန်း စက်တင်ဘာ ၃၀**

ဒုတိယအကြိမ် မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၌ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် ကျော်လွန်ကာ ၂၄ ဒသမ ၉ ပေအထိ မြင့်တက်ခဲ့ရာမှ စက်တင်ဘာ ၃၀ ရက်တွင် သိသိသာသာကျဆင်းခဲ့ရာတွင် ၁၉ ဒသမ ၆ ပေသို့ ကျဆင်းသွားပြီဖြစ်သည်။ ရေကြီးစဉ်က နစ်မြုပ်နေသော မြစ်ကမ်းနံဘေးရှိ ကိုင်းမြေများနှင့် မြေနုကျွန်းများလည်းရေနစ်မြုပ်ရာမှ ပြန်လည်ပေါ်ထွန်းလာပြီဖြစ်သဖြင့် ဆောင်းသီးနှံများ မကြာမီပြန်လည်စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ညောင်တုန်းမြို့မြောက်ဘက်ခြမ်း စံကင်းကျွန်း၌မူ သိသိသာသာကျဆင်းခြင်းမဟုတ်သေးသော်လည်း ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။ ရေကျဆင်းနေပြီဖြစ်သဖြင့် လူနေအိမ်များ သန့်ရှင်းရေး၊ ပြုပြင်မွမ်းမံရေးများ ဆောင်ရွက်လျက်ရှိကြသည်။ စံကင်းကျွန်းဒေသရှိ အချိန်ကြာမြင့်စွာ ရေနစ်မြုပ်ခဲ့သော ကျေးရွာများသို့ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဝန် ဆရာမများကလည်း သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့စဉ်က ပိတ်ထားခဲ့ရသော အခြေခံပညာကျောင်းများ အားလုံး ပြန်လည်ဖွင့်လှစ် သင်ကြားနိုင်ပြီဖြစ်သည်။ ပညာရေးနှောင့်နှေးမှု မရှိစေရေးအတွက် ဆရာ ဆရာမများက အချိန်ပိုများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနစ်မြုပ်ပျက်စီးခဲ့သော လယ်ယာမြေများကိုလည်း ပြန်လည်စိုက်ပျိုးလျက်ရှိကြရာ အချို့လယ်သမားများမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လများအတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီး ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ KASIKORNBANK Public Co., Ltd. က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အပြင် JFE Engineering Corporation က အမေရိကန်ဒေါ်လာ ၂၀၀၀၊ Export-Import Bank of India (YGN Rep: Office)က အမေရိကန်ဒေါ်လာ ၅၀၀၊ Bank of India က အမေရိကန်ဒေါ်လာ ၅၀၀၊ Co-operative Bank Ltd (Bank of India) က အမေရိကန်ဒေါ်လာ ၅၀၀ နှင့် Curtis Fox PP-485329302 Manager Cruises and Corporate Accounts Destination Asia က အမေရိကန်ဒေါ်လာ ၂၀၀၀ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၄၁၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၇၉၉၉၄၁၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၁၉၀၇၂၀ ဒသမ ၈၀၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေများလှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူငွေများ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ နေထိုင်သည့် Mr. Valenciennes က ယူရို ၃၀၀ ကို လှူဒါန်းခဲ့သည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးမိသားစုဝင်များက အဝတ်အထည်များကိုလှူဒါန်းခဲ့ပြီး ရေဘေးသင့်ဒေသများရှိ ပျက်စီးသွားသောကျောင်းများ ပြန်လည်ပြင်ဆင်/မွမ်းမံတည်ဆောက်ရန်အတွက် ဂျပန်အစိုးရက လှူဒါန်းမည့် ဂျပန်ယန်းငွေ ငါးဘီလီယံ (ခန့်မှန်းအမေရိကန်ဒေါ်လာ သန်း ၄၀)ကို လွှဲပြောင်းလက်ခံနိုင်ရေး မြန်မာသံရုံး တိုကျိုမြို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးမှူး၍ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် Support Myanmar ရန်ပုံငွေရှာဖွေပွဲမှ လက်ခံရရှိသည့် လှူဒါန်းငွေများကို ဆက်လက်လွှဲပြောင်းသွားမည် ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သိရသည်။

**(သတင်းစဉ်)**



ဂန့်ဂေါ-ကလေးလမ်း မိုင် (၅၁/၅-၅၁/၆) ကြား ကမ္ဘာ့နီတံတား (၂/၅၂) ၅၉၅ ပေ (၈၅ ပေ RC ရက်မ) ရေလယ်တိုင် နိမ့်ကျသွားပုံ။ (ဆောက်လုပ်ရေး)



ဂန့်ဂေါ-ကလေးလမ်း မိုင် (၅၁/၅-၅၁/၆) ကြား ကမ္ဘာ့နီတံတား (၂/၅၂) ပေ ၁၈၀ Double Single Bailey တပ်ဆင်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေပုံ။ (ဆောက်လုပ်ရေး)

# သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ဆဲ လယ်ယာမြေနှင့် အင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများပြားနေ

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် ရေကြီးနစ်မြုပ်မှုများတွင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ကုလားဝဲ၊ ရှမ်းချောင်၊ ကန်လျားကုန်း၊ မယ်ဝန်းဂျောင်၊ တံခွန်တိုင်၊ ဉသျှစ်၊ ဘုရားနီကျေးရွာများသည် စက်တင်ဘာ ၃၀ ရက်အထိ ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် လယ်ယာမြေနှင့် အင်းအိုင်ဆည်တွေ ရေပြင်ဖွေးဖွေးနှင့် ကမ်းမမြင်လမ်းမမြင် ဖြစ်နေဆဲဖြစ်သည်။ မြစ်ရေလျော့ပါးလာသည် ဆိုသော်လည်း ခြောက်ပေ ခုနစ်ပေခန့် ရှိသေးသည်။



"လယ်ယာမြေနှင့် အင်းအိုင်တွေ ရေမြုပ်နေလို့ လယ်သမား၊ အင်းသမားတွေလည်း လုပ်ငန်းတွေ အဆက်ပြတ်ကုန်တယ်။ ဘဏ်ကြွေးတွေဆပ်ဖို့နဲ့ သားသမီးတွေ ပညာရေး၊ ကျန်းမာရေး အခက်အခဲဖြစ်နေကြတယ်"ဟု တောင်သူလယ်သမားကြီး မန်းရွှေထိန်ဝင်းက ပြောသည်။

အဆိုပါ ငှက်ပျောတောကျေးရွာအုပ်စုဝင် ကျေးရွာများသည် သာပေါင်းမြို့ နယ်နိမိတ်အတွင်းဟု ဆိုရသော်လည်း ကျောင်းကုန်းမြို့နယ် ကန်ကြီးဒေါင့်မြို့နယ်စပ်ကြား၌တည်ရှိသော ကျေးရွာများဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များနှင့် အလှမ်းဝေးသော ရွာများဖြစ်သည်။ တာဝန်ရှိသူတို့ပင် ရေနက်ကွင်းပြင်ဖြစ်နေသောကြောင့် အန္တရာယ်ဖြစ်မည်စိုး၍ ရှောင်ကွင်းခံရသောဒေသဖြစ်သည်။

ငှက်ပျောတောကျေးရွာ ဆရာတော် ဘဒ္ဒန္တက္ကန္ဒက (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် တံခွန်တိုင် ကျေးရွာ ဆရာတော် ဘဒ္ဒန္တပညာဇောတ အရှင်မြတ်တို့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးငွေ၊ ကရုဏာမြန်မာအဖွဲ့ ဦးဗေဒါ (ခ)ဦးကျော်ဆွေ၊ ကရင်တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ မန်းရွှေထိန်ဝင်းတို့က ကြီးကြပ်ကူညီစီမံမှုဖြင့် ကျေးရွာဘုန်းတော်ကြီး ကျောင်းများ၌ ရေဘေးသင့် ရွာသူ၊ ရွာသားများကို ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ကျန်းမာရေး၊ ပညာရေးထောက်ပံ့ ကူညီပေးရသည်။

"ကျွန်မတို့ လယ်မြေတွေလည်း ရက်ပေါင်း ၆၀ ကျော် ရေနစ်မြုပ်နေလို့ ရေပြန်ကျပါစေလို့ ဆုတောင်းနေရတယ်။ ဒါပေမယ့် ရေက ခြောက်ပေ၊ ခုနစ်ပေရှိသေးတော့ စပါးစိုက်ပျိုးဖို့ မျိုးစပါးအခက်အခဲနဲ့ ထွန်ယက်ဖို့ အခက်အခဲတွေ များစွာရှိနေသေးတယ်။ စိုက်ခင်းယာမြေတွေလည်း ပျက်စီးမှုများပြားနေတယ်။ အင်းအိုင်ဆည်တွေလည်း ရေမြုပ်ပျက်စီးကုန်တော့ လုပ်ငန်းတွေ အခက်အခဲများစွာကြုံတွေ့နေရလို့ ရှေ့ဆက်ဘာတွေလုပ်ရမှန်း မသိပါဘူး"ဟု လယ်သူမကြီး ဒေါ်ဖွားလှိုင်က ပြောပြသည်။

**လှကြည်(ပုသိမ်)**

# ရေဘေးပြန်လည်ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ထောက်ပံ့နိုင်ရန်နှင့် မြန်မာတေးဂီတချစ်ပြည်သူများ အပန်းဖြေနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ကွင်းကြီး၌ လာမည့် အောက်တိုဘာ ၂၄ ရက် ည ၅ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေး ကော်မတီမှ သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို Polyphonic Music & Entertainment စီစဉ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့တေးဂီတနယ်ပယ်တွင် ကျော်ကြားနေသည့် အမေရိကန်နိုင်ငံမှ တေးသံရှင် Redfoo လာရောက်ဖျော်ဖြေမည်ဖြစ်ကာ မလေးရှားနိုင်ငံမှ Dj တေးသံရှင် Darren Ashley၊ ပြည်တွင်းတေးဂီတ အဖွဲ့ မှ Ar.T, DJ Wineနှင့် အခြားပြည်ပနိုင်ငံများမှ တေးဂီတအနုပညာရှင်များလည်း လာရောက်ဖျော်ဖြေမည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီအပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီး ကျင်းပဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်း တေးဂီတပညာရှင်တွေနဲ့ အပြည်ပြည်ဆိုင်ရာ တေးဂီတပညာရှင်တွေ မိတ်ဖက်ပူးပေါင်းတင်ဆက်တဲ့ တေးဂီတဖျော်ဖြေပွဲကြီးကို ပြည်သူတွေ သိရှိခံစားစေဖို့ပါ။ ပြီးတော့ ဒီအပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကရတဲ့ ငွေအချို့ကိုလည်း မြန်မာနိုင်ငံ ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်နိုင်စေဖို့ လှူဒါန်းသွားမှာဖြစ်ပါတယ်။ Redfoo အနေနဲ့လည်း ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းဖို့ ကမ်းလှမ်းထားပါတယ်။ ဘယ်ဒေသကို သွားရောက်လှူဒါန်းဖြစ်မလဲဆိုတာတော့ အတိအကျမပြောရသေးပါဘူး"ဟု ပွဲဖြစ်မြောက်ရေးကို အဓိကဦးဆောင်သည့် ကိုတယ်ရီတင်က ယနေ့မွန်းလွဲ ၁ နာရီတွင် စင်ထရယ်ဟိုတယ်၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုကျင်းပမည့် အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို စိတ်ပါဝင်စားကြည့်ရှုလိုသည့် ပြည်သူများအတွက် လက်မှတ်ခရေးနှုန်းများမှာ ငွေကျပ် ငါးသောင်း၊ တစ်သိန်း၊ သုံးသိန်း၊ ငါးသိန်းနှင့် အထူးတန်းကို ခုနစ်သိန်း သတ်မှတ်ထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# အင်းတော်ကြီးဒေသ အင်းသာရွာ သဘာဝစိမ့်စမ်းရေရရှိရေး စုပေါင်းဆောင်ရွက်

**မိုးညှင်း စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု အင်းသာရွာကျေးရွာတွင် စက်တင်ဘာ ၃၀ ရက်က နွေ၊မိုး ဆောင်း ရာသီမရွေး သောက်သုံးရေရရှိနိုင်ရေးအတွက် ဒေသခံများက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိနိုင်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ၂၀၁၅ဘဏ္ဍာရေးနှစ် သုံးစွဲငွေမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ရန်ပုံငွေမှ ကျပ်သိန်း ၄၀ ထောက်ပံ့ငွေဖြင့်မတည်ကာ အင်းသာကျေးရွာအတွက် နွေ၊မိုး၊ဆောင်း ရာသီမရွေး လိုအပ်လျက်ရှိသော သောက်သုံးရေ အခက်အခဲကိုရရှိနိုင်ရေး ကြည်လင်သန့်ရှင်းသော သဘာဝစိမ့်စမ်းရေ ရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အင်းသာရွာ ရာအိမ်မှူး ဦးဆန်းဝင်း၊ ကျေးရွာအထောက်အကူပြု ကော်မတီဝင် ဦးမောင်မောင်နှင့်အဖွဲ့ ရပ်မိရပ်ဖ ၃၂ ဦးတို့က ဦးဆောင်ကာ သဘာဝစိမ့်စမ်းရေရရှိနိုင်ရေး ထွက်ရှိရာ အင်းသာရွာ အရှေ့တောင်ဘက် ပေ ၆၃၃၀ ကွာတွင် တည်ရှိသော ၇ မိုင်ချောင်းဖျားမှ သဘာဝစိမ့်ထွက်ရေကို ရေစစ်ရေလှောင်ကန် တည်ဆောက်ကာ ကျေးရွာအတွင်းသို့ ၄ လက်မ ၃ လက်မပိုက်များဖြင့် အဆင့်ဆင့်သွယ်ယူကာ ဖြန့်ဝေပေးနိုင်ရန် ကွင်းဆင်းပြီး ပဏာမ တိုင်းတာခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

## တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးလုနီး ကျေးရွာပေါင်း ၁၂ ရွာ လူမှုစီးပွားဘဝတိုးတက်လာမည်

**အရာတော် စက်တင်ဘာ ၃၀**

မုံရွာ-ရွှေဘို ခရိုင်ချင်းဆက်လမ်းဖောက်လုပ်နိုင်ခြင်းကြောင့် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားတိုးတက်လာမည်ဖြစ်သည်။ အဆိုပါလမ်းသည် မုံရွာမြို့မှ ၆၄ မိုင်ကွာဝေးသော ရွှေဘိုမြို့သို့ အရာတော်မြို့နယ်နှင့် ဝက်လက်မြို့နယ်တို့ကို ဖြတ်သန်းပြီးသွားပါက နှစ်နာရီခွဲသာ ကြာမြင့်မည်ဖြစ်သည်။

ယခုအခါ မုံရွာမြို့နယ်မှ အရာတော်မြို့နယ်နှင့် ရွှေဘိုမြို့နယ်သို့ မူးကမ်းကြီးကျေးရွာဖြတ်လမ်းမှ အရှည် ၂၂ မိုင် ၃ ဖာလုံ မြေသားတင်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထိ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးလျှင် ခရိုင်ချင်းဆက်လမ်း ဝဲ၊ယာရှိကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အောက်တိုဘာ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာလ (၁-၅) ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကြီးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် သာယာဝတီမြို့တို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# စတုတ္ထအကြိမ် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ ကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

စတုတ္ထအကြိမ် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့(World School Milk Day) အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့တိုက်ကျွေးရေးအစီအစဉ်ကို ၂၀၁၂ ခုနှစ်က စတင်ခဲ့ရာ ယခုနှစ်သည် စတုတ္ထအကြိမ်ဖြစ်ကြောင်း၊ နွားနို့တွင်ပါဝင်သော အာဟာရဓာတ်သည် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အတွက် ကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်ကို ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန် ပြောကြားပြီး စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးပြီး ဆုရကျောင်းသား ကျောင်းသူများ၏ ဆုရပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အခမ်းအနားတွင် PEP နို့မှုန့်၊ ငွေစင်ပုလဲနွားနို့လုပ်ငန်း၊ WALCO နွားနို့လုပ်ငန်း၊ Synchro World Co., Ltd၊ Nestel Company နှင့် ဖန်းဟွနွားနို့လုပ်ငန်းတို့က ငွေကျပ် ၃၅၇၅၀၀၀ တန်ဖိုးရှိ နို့ထွက်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု ပထမဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ပထမဆုရရှိသောစာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ စာပဒေသာ ပထမဆုရ မင်းသျှင်အောင်(တွံတေး)၏ **"ရာဇဝင်ဇာတ်ပို့ ဒလခံတပ်မြို့"** ရောင်းဈေး ငွေကျပ် ၁၀၀၀၊ ဝတ္ထုရှည် ပထမဆုရ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ **"အများအားဖြင့် တစ်ပြည်လုံးတွင် သာယာမည်"** ရောင်းဈေး ငွေကျပ် ၉၀၀၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သုတိဩဘာ(ဆင်ပေါင်ဝဲ)၏ **"တောင်တစ်ခုကို တက်ခြင်းနှင့် ဝတ္ထုတိုများ"** ရောင်းဈေး ငွေကျပ် ၆၀၀၊ ကလေးစာပေပထမဆုရ ကန့်ဘလူခင်မောင်ဆွေ၏ **"ပွင့်ဖူးငုံကလေးကဗျာများ"** ရောင်းဈေး ငွေကျပ် ၈၀၀ တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇- ၄၁၄၆၈၁၊ အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့်အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့ထံသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး






**နေပြည်တော် စက်တင်ဘာ ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ အစိမ်းရောင် "ကြာ"အဖွဲ့မှ Mr. Jean-Marc Brule က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့ နည်းပညာဆိုင်ရာ အကြံပေးအရာရှိချုပ် Mr. Pasquale Capazzi က ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပွဲအစီအစဉ်ကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဓိကအခန်းကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဦးစားပေးဆောင်ရွက်ချက်များကို လည်းကောင်း၊ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့မှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံမှ အကြံပေးပညာရှင်တို့က အစိုးရဌာနစီမံကိန်းများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များနှင့် ဦးစားပေးအခြေအနေများကို လည်းကောင်း ဆွေးနွေးကြပြီး မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များကို အစိုးရဌာနများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရေရှည်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြစိမ်းရောင်ရန်ပုံငွေများ တောင်ကုတ်၌ ပေးအပ်

**သံတွဲ  စက်တင်ဘာ  ၂၀**

တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ ၁၃ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာလ စတုတ္ထပတ်က ပေါက်ပြင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစိမ်းရောင်ကျေးရွာ ၁၃ ရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၃၉၀၀ ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် မြို့နယ်မြစိမ်းရောင် ကြီးကြပ်မှုကော်မတီဝင်များက လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များက လက်ခံယူကြသည်။ ဆက်လက်၍ ကျေးရွာများအလိုက် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း၊ သင်တန်းများပို့ချခြင်းနှင့် လျှောက်လွှာများ စိစစ်လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

တောင်ကုတ်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာ ၁၃ ရွာကို ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းမှ နှစ်စဉ်ရရှိလာသော အမြတ်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**



**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက်က မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးစဉ်။**

ကျော်သန်း(မော်လမြိုင်)

**ပဲခူးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတွက် မယင်းကျေးရွာအုပ်စု ရွာဟောင်းကျေးရွာ၌ စက်တင်ဘာလ စတုတ္ထပတ်က မြို့နယ်အဆင့် စီမံကိန်းကော်မတီဖြင့် ကျေးရွာအဆင့် ကော်မတီရွေးချယ်ခြင်း ဆောင်ရွက်စဉ်။**

(မြန်မာ့အလင်း)





# ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အခမ်းအနားကျင်းပ

**တပ်ကုန်း  စက်တင်ဘာ  ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အခမ်းအနားနှင့်အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းစာသင်ဆောင်၌ ကျင်းပခဲ့သည်။

ရွှေ့ဦးစွာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများကို နွားနို့၊ ကြက်ဥနှင့် မုန့်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်စိုးလွင်**

# Myanmar Security Expo 2015 ပြပွဲ ဖွင့်

**ရန်ကုန်  စက်တင်ဘာ  ၂၀**

Myanmar Security Expo 2015 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ပြပွဲတွင် နောက်ဆုံးပေါ် ထောက်လှမ်းရေးစက်ကိရိယာများနှင့် ဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးဆိုင်ရာကိရိယာများ၊ လုပ်ငန်းသုံးလုံခြုံရေးဝတ်စုံများကို အောက်တိုဘာ ၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၇ ခုတို့က ပြခန်းပေါင်း ၇၅ ခန်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ပဉ္စမအကြိမ်မြောက် ကျောက်ကပ်အစားထိုးလဲလှယ်ကုသမှုအောင်မြင်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ဌာန၌ ကျောက်ကပ်အစားထိုး ခွဲစိတ်နေသည့်လူနာများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ယနေ့နံနက် ၈ နာရီခွဲတွင် ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ခန်း၌ ကျောက်ကပ်အလှူရှင် မနွဲ့မိုမိုထွန်း (၂၀နှစ်) ညောင်ခြောက်ပင်ရပ်ကွက် ကျောက်ဆည်မြို့နေသူသည် ကျောက်ကပ်ပျက်စီး ဆေးကုသနေသည့် အစ်ကိုဖြစ်သူ ကိုရဲကိုကိုနိုင်၏ ကျောက်ကပ်နှင့် ခွဲစိတ်အစားထိုးလဲလှယ်နိုင်ခဲ့သည်။

ခွဲစိတ်ကုသမှုကို နံနက် ၈နာရီခွဲတွင်မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီး၊ ကျောက်ကပ်ခွဲစိတ်ဌာန ကျောက်ကပ်ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာမင်းသူ၊ ကျောက်ကပ်ဆေးကုဌာန ဆရာဝန်ကြီးဒေါက်တာ ခင်မောင်ကျော်၊ နှလုံးနှင့်သွေးကြော ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဆွေတို့က ခွဲစိတ်ပြီး ဆေးရုံကြီးများ ကွပ်ကဲရေးမှူး(အထက်မြန်မာပြည်)ဒေါက်တာမောင်ဝင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင်မိုးတို့က ဆောင်ရွက်ခဲ့ကြသည်။

ယခု ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းသည် ပဉ္စမအကြိမ်အဖြစ်အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်တွင် ပထမအကြိမ် လူနာနှစ်တွဲ၊ ၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ် လူနာနှစ်တွဲ၊ ၂၀၀၄ ခုနှစ်တွင် တတိယအကြိမ် လူနာ သုံးတွဲ၊ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် လူနာတစ်တွဲ စုစုပေါင်းလူနာကိုးတွဲ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ ခွဲစိတ်ရာတွင် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာအာယု၊ ရောဂါဗေဒပါမောက္ခ ဒေါက်တာ ဌေးလှ၊ သွေးလွှဲဘဏ်တာဝန်ခံ ဒေါက်တာ ခင်မြတ်မွန်၊ ခွာတ်မှန်ဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာ တင်တင်ဆိုင်တို့ ပါဝင်ဆောင်ရွက်ပြီး ရန်ကုန်မှ ကျောက်ကပ်အထူးကု ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါက်တာ တိုးလွင်နှင့် မေ့ဆေးအထူးကု ပါမောက္ခဌာနမှူး ဒေါက်တာ ကြည်ကြည်စန်းတို့ကလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**





# မလေးရှားနိုင်ငံသားခရီးသွားဧည့်သည်များ ဆိုင်ကယ်ဖြင့် မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဝင်ပေါက်/ ထွက်ပေါက်များမှ မြန်မာနိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်များဖြင့် စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိသည်။

ရွှေစင်ရိပ်ငြိမ်ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့်စက်တင်ဘာ ၁၆ ရက်က မလေးရှားနိုင်ငံသားလေးဦးသည် မော်တော်ဆိုင်ကယ် လေးစီးဖြင့် မြဝတီမြို့သို့ ဝင်ရောက်လာပြီး ဘားအံ-ကျိုက်ထီးရိုး-နေပြည်တော်- အင်းလေး- မန္တလေး- ပုဂံ- ကလေး-တမူးမြို့များသို့ သွားရောက်လည်ပတ်ကာ စက်တင်ဘာ ၂၅ ရက်က တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာများ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများနှင့် လက်မှုပညာရပ်များကို လေ့လာသိရှိလိုကြ၍ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်းလေကြောင်းခရီးစဉ်ဖြင့် လာရောက်ကြသကဲ့သို့ မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်း ခရီးစဉ်များဖြင့် နယ်စပ်ဝင်ပေါက်များမှ စဉ်ဆက်မပြတ်ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**ရန်ကုန် စက်တင်ဘာ ၃၀**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ အောက်တိုဘာ ၁ ရက်အတွက် ထုတ်ပြန်ချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## စက်တင်ဘာ ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဆန်းစပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် | ၂၀၀၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၅၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၆၅ မှ ၂၄၂၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၇၅ မှ ၁၃၂၅ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၅၅၀ |
| ၁၁ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၀ မှ ၈၇၀ |
| ၁၃ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၆၀၀ |
| ၁၄ | သြဇာသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၈၀၀ မှ ၄၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ထိုင်းနိုင်ငံအတွင်း နိုင်ငံခြားသားအလုပ်သမားများ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခွင့်မပြုကြောင်း တားမြစ်ဆိုင်းဘုတ်များ စိုက်ထူသတိပေး

**ကော့သောင်း စက်တင်ဘာ ၃၀**

မြန်မာ-ထိုင်းနယ်စပ်ဒေသများဖြစ်သည့် ထိုင်းနိုင်ငံတောင်ပိုင်းခရိုင်များတွင် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားများ အပါအဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ဈေးရောင်းချခြင်း လုပ်ကိုင်ခွင့်မပြုကြောင်း တားမြစ်အမိန့်အသိပေးဆိုင်းဘုတ်ကြီးများကို စက်တင်ဘာ ၂၉ ရက်က စိုက်ထူသတိပေးထားကြောင်း သိရသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသ ထိုင်းနိုင်ငံအတွင်း ခရိုင်နှင့် မြို့နယ်များတွင် ပြည်ပမှ ဝင်ရောက်အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံခြားသားများ အပါအဝင် မြန်မာရွှေ့ပြောင်း အလုပ်သမားအချို့ အပိုဝင်ငွေရရှိရေး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မိမိလုပ်ကိုင်နေထိုင်ရာ မြို့၌ တစ်နိုင်တစ်ပိုင် ခေါင်းရွက် ဗျပ်ထိုးဈေးရောင်းချခြင်းလုပ်ငန်း အသေးစားများ လုပ်ကိုင်လေ့ရှိရာစက်တင်ဘာ ၂၉ ရက်ကစတင်၍ လုပ်အားဖြင့် ကိုယ်ပိုင်ရောင်းဝယ်ပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံအတွင်း ကိုယ်တိုင်ပစ္စည်း ထမ်းရွက်လိုက်လံ ရောင်းချခြင်း၊ ကိုယ်ပိုင်ဆိုင်ဖွင့်ရောင်းချခြင်းများ လုပ်ကိုင်ခွင့် ပြုမည်မဟုတ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါကဘတ် ၂၀၀၀ ထက်မပိုသည့်ဒဏ်ငွေ ပေးဆောင်ရမည်ဖြစ်သည့်အပြင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့် အလုပ်သမားကတ်မရှိပါက ငါးနှစ်ထက်မကျော်သည့် ထောင်ဒဏ်နှင့် ဒဏ်ငွေဘတ် ၂၀၀၀ မှ ၁၀၀၀၀၀ အထိ ကျခံရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အာဏာပိုင် အဖွဲ့အစည်းမှ တားမြစ်အမိန့်ပါ သတိပေးမြေစိုက်ပိုစတာကြီးများကို မြန်မာရွှေ့ပြောင်း အလုပ်သမားအများစု လုပ်ကိုင်ရာ ရနောင်းခရိုင်နှင့် ကရဘူရီခရိုင်အတွင်း မြို့များအနှံ့စိုက်ထူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**




နိုင်ငံခြားသားအလုပ်သမားများ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မပြုကြောင်း ကြေညာထားသည့် တားမြစ်ဆိုင်းဘုတ်ကိုတွေ့ရစဉ်။

# လူကုန်ကူးမှုတိုက်ဖျက်ရန်အတွက် ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM (မြန်မာ)တို့ ဦးဆောင်၍ မဲခေါင်ရပ်ဝန်းဒေသတွင်း လူကုန်ကူးခံရသူများ နိုင်ငံဖြတ်ကျော်ရည်ညွှန်းလွှဲပြောင်းပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်အတွေ့အကြုံကောင်းများ မျှဝေခြင်းဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော် Hotel Royal ACE ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာနှင့် စီးပွားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့ ၁၆ ဦး၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦး၊ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှ IOM ကိုယ်စားလှယ် လေးဦး၊ IOM (မြန်မာ)မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက အမှာစကားပြောကြားရာ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုသည်အရေးပါကြောင်း နားလည်မှုပိုမိုခိုင်မာလာစေရန်၊ အသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် နယ်စပ်ဖြတ်ကျော် ရည်ညွှန်းလွှဲပြောင်းခြင်းဆိုင်ရာ နိုင်ငံတကာစံလုပ်ထုံးလုပ်နည်းများကို သိရှိရန်အတွက် မဲခေါင်ဒေသအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်မှုကို ထိန်းသိမ်းထားရန်ဖြစ်ပါကြောင်း၊ လက်ရှိတည်ဆဲ နယ်စပ်ဖြတ်ကျော် ရည်ညွှန်းလွှဲပြောင်းခြင်းဆိုင်ရာ ယန္တရား၏ ထိရောက်မှုကိုမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆက်နွှယ်မှုများ၊ ကွန်ရက်ချိတ်ဆက်မှုများ၊ ညှိနှိုင်းဆက်သွယ်မှုများ တိုးမြှင့်လာစေရန်ကိုလည်း ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရန်အတွက် အစိုးရဌာနဆိုင်ရာများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အနီးကပ်တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နယ်စပ်ဖြတ်ကျော် ရည်ညွှန်းလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး မိတ်ဆွေတို့၏အမြင်များ၊ အတွေ့အကြုံများကို ဖလှယ်ကြရန် အခွင့်အရေးရမည်ဖြစ်ပါကြောင်း၊ အရေးပါသည့်ဆွေးနွေးပွဲကနေပြီး အပြုသဘောဆောင်သည့်ရလဒ်များ၊ အကျိုးကျေးဇူးများ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသတွင်းနိုင်ငံများအချင်းချင်း လူကုန်ကူးခံရသူများအား ပြန်လည်ကယ်တင်ရေး၊ ပြန်လည်ထူထောင်ရေး၊ တရားစွဲတင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြုသောအားဖြင့် အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ မုံရွာပြည်သူ့ဆေးရုံကြီး၌ ဒုတိယအကြိမ်သွေးလှူ



**မုံရွာ စက်တင်ဘာ ၂၀**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံးအောက်ရှိ အမှတ်(၉) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲ အဖွဲ့ခွဲမှူး ရဲမှူးကြီးအုန်းကျော်နှင့် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝဏ္ဏတို့ ဦးစီးပြီး ရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့် ၇၃ ဦးတို့သည် စက်တင်ဘာ ၂၀ ရက်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ယင်းမာပင်ခရိုင် ကံကုန်းတိုက်နယ်ဆေးရုံဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးစသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဆိုင်အတွင်းထားခဲ့သည့် အိတ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြားများတွေ့ရှိ

**တာချီလိတ် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ထွန်းလင်းရောင်အနီးရှိ အိမ်ချစ်မေစတိုးဆိုင်၏ ရောင်းကုန်ပစ္စည်းများထားသည့် စင်အောက်တွင် အမျိုးသားနှစ်ဦးက ပစ္စည်းထုပ် တစ်ထုပ်ချထားသွားပြီး ထွက်ခွာသွားရာ ဆိုင်ပိုင်ရှင်က မသင်္ကာ၍ ဖွင့်ကြည့်ရာမှ အဆိုပါအိတ်တွင်း၌ မူးယစ်ဆေးဝါးများ ပါဝင်နေသည်ကို တွေ့ရှိရသည့် အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။ နယ်ထိန်းရဲတပ်ကြပ်ကြီး စိုးမင်းမင်းနှင့်အဖွဲ့က စစ်ဆေးကြည့်ရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

"လူနှစ်ယောက် ဖုန်းကတ်လာဖြည့်တာ၊ ဖုန်းကတ်ဖြည့်ပြီး ဖုန်းဆက်နေသေးတယ်။ ပြီးတော့ အထုပ်ကို ချသွားတယ်၊ ချသွားပြီးတော့ နှစ်ယောက်လုံး အပြင်ကို ထွက်သွားတယ်။ တစ်ယောက်က ဆိုင်ကယ်နဲ့ ထွန်းလင်းရောင်နားက စောင့်နေတဲ့သဘောပဲ၊ တစ်ယောက်က ဆိုင်ဘက်ကို ပြန်အလာမှာ အစ်မက အပြင်ထွက်ပြီး ဖုန်းဆက်နေတာကို အဝေးကတွေ့တော့ အဲဒီလူလည်း ဆိုင်ကို မလာတော့ဘဲ ပြန်လှည့်သွားတာကို CCTV ကနေ တွေ့ရတယ်" ဟု ဆိုင်ရှင်၏ ဆွေမျိုးတော်စပ်သူက ပြောပြသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ထားသွားသည့် အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိရေး ကြိုးပမ်းနေလျက်ရှိကြောင်းနှင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက်က တောင်ငူမြို့ အမှတ်(၁၁) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးပေါ်ထွန်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၅၂ ဦး တောင်ငူ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။
သူရ(တောင်ငူ)




# တန့်ယန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



လုံးဆာကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု (၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက်က တန့်ယန်းမြို့ တန့်ယန်း-မိုင်းကောင်သွားကားလမ်း၊ မိုင်းကောင်ဘက်မှ တန့်ယန်းဘက်သို့ လုံးဆာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေ ၄ ဒသမ ၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၂၈ ရက်က ညောင်ရွှေ-တုံဟုံးကျေးရွာသွားကားလမ်းတွင် ထွန်းလှိုင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၂ ပြားနှင့် မြန်မာငွေကျပ် ၃၇၀၀ တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်က နမ့်စန်မြို့ဘက်မှ လွိုင်လင်မြို့ဘက်သို့ စိုင်းနွံခေးဆိုင်(ခ)အိုက်ပီးမောင်းနှင်ပြီး ရန်နိုင်အုန်းမောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Facebook မှတစ်ဆင့် ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သူအား တိုင်တန်း

**ပခုက္ကူ စက်တင်ဘာ ၂၀**

ပခုက္ကူမြို့နယ်၌ Facebook မှတစ်ဆင့်ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ခြင်း ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်သူကို အမျိုးသမီးတစ်ဦးက တိုင်တန်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ကမ္မမြို့နယ်နေ မ------(၂၉ နှစ်)ကို ကျော်သူ(၂၃ နှစ်)က ၎င်း၏ Facebook Account ကို အသုံးပြု၍ မ-----၏ ဓာတ်ပုံနှင့် ညစ်ညမ်းပုံများကို ဂုဏ်သိက္ခာကျဆင်းအောင် တင်ပြခဲ့သောကြောင့် နောက်နောင်တွင် Facebook စာမျက်နှာပေါ်၌ မတင်တော့မည့်အကြောင်း ဇူလိုင် ၂၆ ရက်က ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့သော်လည်း ဩဂုတ် ၂၉ ရက်က Facebook Account Username ကို အမည်ပြောင်းလဲပြီး ခြိမ်းခြောက်စာတစ်စောင်၊ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ခြိမ်းခြောက်စာတစ်စောင်၊ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက မ------ ၏ ဓာတ်ပုံနှင့် ညစ်ညမ်းပုံပါ ခြိမ်းခြောက်စာတစ်စောင်ကို ပူးတွဲလျက် Facebook မှ ထပ်မံဖော်ပြခဲ့သောကြောင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်သော ကျော်သူကို အရေးယူပေးရန် စက်တင်ဘာ ၂၈ ရက်တွင် မ----- က တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ပခုက္ကူမြို့နယ် ကမ္မနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ခရမ်းမြို့နယ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်



**ခရမ်း စက်တင်ဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်တော်အေးလမ်းနေ ဒေါ်ကျင်မြ၏ နေအိမ်ကုန်စုံဆိုင် အပေါ်ထပ်၌ စက်တင်ဘာ ၂၉ ရက် ည ၁၀ နာရီခွဲခန့်က ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာတွင် ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီး၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မီးသတ်ယာဉ် ၁၅ စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဟန်းသံဃာများနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၂ နာရီခန့်တွင် မီးညွှန့်ကျိုးခဲ့သည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အိမ်ခြေ ၁၉ လုံး၊ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ကျား ၃၃ ဦး၊ မ ၄၅ ဦး စုစုပေါင်း ၇၈ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့ပြီး မီးဘေးဒုက္ခသည်များအတွက် အမှတ်(၅) ရပ်ကွက် ကျောင်းသစ်ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိခဲ့ရာ အိမ်ထောင်စုနှစ်စုမှ အမျိုးသားလေးဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၁ ဦး တည်းခိုလျက်ရှိကြောင်းနှင့် မီးလောင်ကျွမ်းမှုမှာ Level-2 အဆင့်ရှိခဲ့သဖြင့် ခရမ်းမြို့မရဲစခန်းက ဆိုင်ပိုင်ရှင်ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမြန်လမ်းမကြီး၌ ခရီးသည်တင်ယာဉ်အား လေးခွနှင့် ပစ်ခတ်သူကိုဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ကိုကိုဦး(၃၃)နှစ် အမှတ်(၁၁) မြေစာရင်းလမ်း ဗဟိုကွက်သစ် ရပ်ကွက် ချောက်မြို့နေသူ မောင်းနှင်လာသော 7J/---- မြသရဖူခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ်၊ (၄၅/၅) အရောက် လမ်း၏အနောက်ဘက်ခြမ်းမှ လေးခွနှင့်ပစ်ခတ်ခဲ့သဖြင့် ယာဉ်၏ယာဘက်ခြမ်း ထိုင်ခုံအမှတ် (၁၁/၁၂) ရှိ လေကာမှန်ကို ထိမှန်၍ ကွဲကြေသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းက ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခဲ့ရာ စခန်းမှူး ဒုရဲမှူး သန်းဦးက မိုင်တိုင်အမှတ် (၄၀/၀)အနီးရောက်ရှိနေသော ရဲအုပ်မျိုးမင်းထွန်း ဦးဆောင်သည့် လှည့်ကင်းအဖွဲ့အား စကားပြောစက်ဖြင့် ဆက်သွယ်အကြောင်းကြား၍ အခင်းဖြစ်ပတ်ဝန်းကျင်ကို ပိတ်ဆို့စေခဲ့ပြီး စခန်းမှူးနှင့်ရဲအုပ် စိုးမိုးရှိန် ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့က အခင်းဖြစ်ရပ်သို့ အချိန်နှင့် တစ်ပြေးညီရှာဖွေခဲ့ရာ အမြန်လမ်းမကြီး၏ အနောက်ဘက် ပေ ၃၆၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ ချုံများကြားတွင် ပုန်းအောင်းနေသော ပြစ်မှုကျူးလွန်သူ မျိုးဆန်းဦး (၁၇)နှစ်အား သားရေကြိုးတပ် သစ်သားလေးခွတစ်လက်၊ လေးခွပစ်ရာတွင် အသုံးပြုသည့် ငါးမူးလုံးခန့်ရှိ ကျောက်ခဲမျိုးစုံ ၂၂ လုံး၊ အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားမတစ်ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသည်။

သို့ဖြစ်၍ 7J/---- မြသရဖူခရီးသည်တင်မှန်လုံယာဉ်ကို လေးခွဖြင့်ပစ်ခတ်ခဲ့သူ မျိုးဆန်းဦးအား ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ပထုန်ဌာနီခရိုင်၌ မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦး ပစ်သတ်ခံရ

**ဗန်ကောက် စက်တင်ဘာ ၃၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အနီး ပထုန်ဌာနီခရိုင် ခလောင်လုံမြို့နယ် ခလောင်စောင်ရပ်ကွက် ဆိုင်ကယ်တက္ကစီဂိတ်တစ်ခုတွင် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦး အသတ်ခံရကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားမှာ မောင်စစ် (၂၅ နှစ်)ဖြစ်ပြီး ခလောင်မြို့နယ် ဓမ္မကာယ်ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်နေသူဖြစ်ကာ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်ပေါ်၌ မည်သည့်အထောက်အထား စာရွက်စာတမ်းမျှ မတွေ့ရှိရကြောင်း၊ ပစ်ခတ်သူအား ဖော်ထုတ်နိုင်ရေးစုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**

# လင်မယားချင်းစကားများရာမှ လူသတ်မှုဖြစ်

**လယ်ဝေး စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ လင်မယားချင်းစကားများရာမှ ခင်ပွန်းသည်က ဓားဖြင့်ခုတ်သောကြောင့် ဇနီးဖြစ်သူ သေဆုံးရသော ဖြစ်စဉ်တစ်ခု စက်တင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု အင်ပင်သာကျေးရွာနေ ဒေါ်တင်ရီ(၆၂နှစ်) သည် ယောင်းမဖြစ်သူ ဒေါ်ငြိမ်း၏ နေအိမ်၌ တီဗွီကြည့်နေစဉ် သမီးဖြစ်သူ မချိုမာဦး (၃၆ နှစ်) သည် ခင်ပွန်းဖြစ်သူ ကျော်ထွန်းဦး(၃၈ နှစ်)နှင့် စကားများစဉ် ဓားနှင့် ခုတ်သဖြင့် ဒဏ်ရာများရ၍ ထွက်ပြေးလာကြောင်း ခုတင် ၁၀၀ ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားသည့်အတွက် မိခင်ဖြစ်သူက တိုင်ကြားသဖြင့် လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်ထားသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ကုမ္ပဏီများသိစေရန် ကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေများအရ ဖွဲ့စည်းမှတ်ပုံတင်ပြီးသောကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်သက်တမ်းကျန်ရှိသည်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးခွဲများသို့ အောက်ဖော်ပြပါလိပ်စာများအတိုင်း ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၄ရက် နောက်ဆုံးထားသတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ ကုမ္ပဏီများအား အသိပေးကြေညာပြီးဖြစ်ပါသည်-

(က) ရန်ကုန်ရုံးချုပ် — အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၇၈၉၁၊ ဖက်စ်-၀၁-၆၅၈၁၃၅ core.gov.mm@gmail.com

(ခ) နေပြည်တော်ရုံး — ရုံးအမှတ် ၃၂၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၆၁၂၄၊ ၀၆၇-၄၀၆၁၆၆၊ ဖက်စ်-၀၆၇-၄၀၆၃၀၆ myomin.dec1976@gmail.com

(ဂ) မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး — ၂၆×၂၇လမ်းကြား၊ ၈၄လမ်း၊ ဈေးချို အရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၈၆၆၆၁၊ ၀၂-၈၆၆၆၂၊ ဖက်စ်-၀၂-၈၆၆၆၀ dicamdy.mm@gmail.com

(ဃ) ရှမ်းပြည်နယ်ဦးစီးမှူးရုံး — ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနဝင်း၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်၊ ဖုန်း-၀၈၁-၂၁၂၄၂၉၃၊ ဖက်စ်-၀၈၁-၂၁၂၄၉၇၄ dica.tgi18@gmail.com

(င) မွန်ပြည်နယ်ဦးစီးမှူးရုံး — အမှတ် ၄၀၁၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်၊ ဖုန်း-၀၅၇-၂၃၃၉၅၊ ဖက်စ်-၀၅၇-၂၃၃၈၅ dica.mawlamyaing1102014@gmail.com

၂။ ကြေညာချက်နှင့်ပတ်သက်၍ ကုမ္ပဏီအချို့က နောက်ဆုံးသတင်းပို့ရမည့်ရက်ကို တိုးမြှင့်ပေးရန် မေတ္တာရပ်ခံချက်အရ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသောကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၆ရက် နောက်ဆုံးထား၍ သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။ သတ်မှတ်ပေးသည့်ရက်အတွင်း သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများအား ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၄၇နှင့်အညီ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## CLAIMS DAY NOTIC
## MV. MARINE RELIANCE VOY:NO(10)

Consignees of cargo carried by MV. MARINE RELIANCE VOY:NO(10) are here by notified that the vessel will arrive of about 2-10-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇) ရပ်ကွက်၊ မြေကွက်အမှတ် (၈၉၆)ဟုခေါ်တွင်သော ဧရိယာ (၄၀' × ၆၀')ရှိ ဦးသက်ထွန်းအောင် အမည်ပေါက် ပါမစ်မြေကွက်ကို ဝယ်ယူထားသူ ဒေါ်ဝင်းမာထိုက် (၇/ဖမန(နိုင်)၁၂၄၃၂၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင့်အောင် (၁၂/စခန(နိုင်)၀၄၂၈၅၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်တွင် အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဦးကျော်သက် (LL,B) | ဒေါ်ရွှေဇင်ဖိုး (LL,B) | ဒေါ်ခင်မေသက် (LL,B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် - ၉၂၇၈) | (စဉ်-၉၃၀၀) | (စဉ်-၂၆၃၈၆) |

ရုံး - အမှတ် - ၉/၁၁၊ အခန်းအမှတ် (၁၀၃) (H)၊ (၃၆) လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သက်လွင်ဦး ၁၂/တမန(နိုင်)၀၈၀၆၀၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၀၇၁၃၃


အရိပ်သည် အလင်းရှိ၍ ထင်သောပုံရိပ်၊ အလင်းမဲ့က ပုံရိပ်မဲ့ကာ အရိပ်မရှိနိုင်၊ အလင်းမဲ့အမှောင်ထဲက ခြယ်မှုန်းမှုမပါသော၊ ဒဏ္ဍာရီမဟုတ်သော
အတိတ်သမိုင်း၏ အပိုင်းအစများ (သို့မဟုတ်)

ကျော်သူ၊ ကာတွန်းဝင်းအောင်၊ ချစ်ဦးညို၊ စမ်းစမ်းနွဲ့(သာယာဝတီ) ဆောင်းဝင်းလတ်၊ ဒေဝီသန့်စင်၊ ဒေါက်တာခင်မောင်ညို မသီတာ(စမ်းချောင်း)၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်ဆွ(လယ်ဝေး) မောင်သာချို၊ မောင်မိုးသူ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မျိုးမြင့်ညိမ်း မိချမ်းဝေ၊ ရဲသွေး၊ ရွှေကူမေနှင်း၊ သားတက်တိုး၊ သစ္စာနီ၊ သန်းမြင့်အောင်၊ ဦးတင်ဦး(ကျူရှင်)၊ အောင်ဇင်မင်း၊ အော်ပီကျယ် ဦးကျော်(ပညာမော်ကွန်း)နှင့် အုံ့မောင်တို့၏

ရှေးရှေးတုန်းက

ယဉ်မျိုးစာပေ ၀၉၇၃၂၀၁၅၈၆


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ် ၃၂၂၊ လေးလွှာ၊ ခေါင်းရင်းခန်းကြိုပွိုင့်တိုက်ခန်းရှိ အကျိုးခံစားခွင့်များကို မြေပိုင်ရှင် ဦးသန်းအောင် ၁၄/ကလန(နိုင်)၀၃၇၅၆၆ ထံမှ ကိုမင်းမင်း ၁၄/မမန(နိုင်)၀၉၂၂၈၄ နှင့် ကိုကျော်လင်းထွန်း ၁၄/မမန(နိုင်)၁၄၄၂၃၄ တို့က အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ရောင်းကြေးငွေထက်ဝက်ပေးချေထားပါသည်။ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် B.Sc (Maths), H.G.P,DL**
**(အထက်တန်းရှေ့နေ) (စဉ်-၅၈၇၈/၈၂)**
**E-mail: myomaw 2007@gmail.com**
**တိုက် (၆/၁/၃)၊ ဆရာများရိပ်သာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/2040, Isuzu Big-horm, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထက်ပိုင် ၁၂/ဗဟန(နိုင်)၁၀၀၁၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# အခြေခံပညာကျောင်းပေါင်းစုံ ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နမ့်စန် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၉ ရက်က မြို့နယ် အထကအားကစားကွင်း၌ကျင်းပရာ အမှတ်(၅) ရပ်ကွက် အလကခွဲကျောင်းအသင်းက အမှတ်(၇၁) အုပ်လေတပ် အထကခွဲကျောင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုရရှိသည့်အသင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်က စတင်ကျင်းပခဲ့ပြီး စုစုပေါင်းအခြေခံပညာကျောင်းများမှ ရှစ်သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



ပထမဆုရအမှတ်(၅) ရပ်ကွက် အလက ခွဲ ကျောင်း အသင်းအား အမှတ်(၇၁) အုပ်လေတပ်အထက ခွဲ ကျောင်း အုပ်ဆရာမကြီး ဒေါ်ညွန့်စီက ဆုချီးမြှင့်စဉ်။

❈ *ကျောဖုံးမှ*

လေဗာကူဆင် နောက်တန်းကစားသမား ပါပါဒို ပူးလော့စ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရပေမယ့် ချေပဂိုးမသွင်းယူနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် လူစားလဲမှုများ ပြုလုပ်ခဲ့ပြီး ပွဲချိန် မိနစ် ၈၀ တွင် ဆာဂျီရိုဘာတိုက ချေပဂိုးသွင်းယူခဲ့ပြီး ၈၂ မိနစ်တွင် ဘာစီလိုနာအတွက် အနိုင်ဂိုးကို ဆွာရက်ဇ်က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မက်ဆီမပါဝင်သော ဘာစီလိုနာအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် ဘိုရီဆော့နှင့် ရိုးမားအသင်းတို့ပွဲတွင် ရိုးမားအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲချိန် ၈ မိနစ်တွင် စတာဆီ ဗစ်ချ်က ဘိုရီဆော့အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၁၂ မိနစ်နှင့် ၃၁ မိနစ်တို့တွင် အမ်လာဒီနိုဗစ်က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ရိုးမားအတွက် ချေပဂိုးနှစ်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ဂါဗင်ဟိုကသွင်းယူပေးခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် တိုရိုစီဒစ်က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် အိမ်ရှင် ဘိုရီဆော့အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၂)အပြီးတွင် ဘာစီလိုနာအသင်းမှာ တစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်လေးမှတ်ရရှိပြီး လေဗာကူဆင်နှင့် ဘိုရီဆော့အသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်ရရှိခဲ့ကာ ရိုးမားအသင်းမှာ တစ်ပွဲသရေ တစ်ပွဲရှုံးတစ်မှတ်သာ ရရှိထားသည်။ အုပ်စု(စ)မှ ဘိုင်ယန်မြူးနစ်နှင့် ဒိုင်နမိုဇာဂရက်တို့ပွဲစဉ်တွင် အိမ်ရှင် ဘိုင်ယန်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်အတွက် သွင်းဂိုးများကို ၁၃ မိနစ်တွင် ဒေါက်ကလက်ကော်စတာ၊ ၂၁ မိနစ်တွင် လီဝမ်ဒေါစကီး၊ ၂၅ မိနစ်တွင် ဂေါ့ဇီ၊ ၂၈ မိနစ်နှင့် ၅၅ မိနစ်တို့တွင် လီဝမ်ဒေါစကီးက သွင်းယူခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် အာဆင်နယ်နှင့် အိုလံပီယာကို့စ်ပွဲစဉ်တွင် အိမ်ရှင် အာဆင်နယ်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် အိုလံပီယာကို့စ်အတွက် အဖွင့်ဂိုးကို ပါဒိုက သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် ချေပဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ဝဲလ်ကော့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ဂိုးသမားနေရာတွင် ပီတာဆက်ချ် မပါဝင်ဘဲ ဒေးဗစ်အော့စပီနာပါဝင်ခဲ့ပြီး ပွဲချိန် မိနစ် ၄၀ တွင် အော့စပီနာ၏အိုဂိုးဖြင့် အိုလံပီယာကို့စ် ဒုတိယဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၆၅ မိနစ်တွင် ဆန်ချက်ဇ်မှ အာဆင်နယ်အတွက် ဒုတိယမြောက် ချေပဂိုးသွင်းယူပေးခဲ့သည်။ အိုလံပီယာကို့စ်အတွက် အနိုင်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် လူစားဝင်လာသော ဖင်းဘိုဂါဆန်က သွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် အိုလံပီယာကို့စ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းမှာ နှစ်ပွဲကစားအပြီး နိုင်ပွဲမရရှိသေးဘဲ ဘိုင်ယန်မြူးနစ်အသင်းမှာ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် ဇယားထိပ်မှာ ဦးဆောင်နေသည်။ အိုလံပီယာကို့စ်နှင့် ဒိုင်နမိုဇာဂရက်တို့မှာ တစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်ဖြင့် သုံးမှတ်စီရရှိထားသည်။

အုပ်စု(ဆ)ပွဲစဉ်တွင် ပေါ်တိုနှင့်ချယ်လ်ဆီးတို့ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ဘရာဟီမီဖန်တီးပေး၍ အန်ထရီကပေါ်တိုအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ဝီလီယံက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၂ မိနစ်တွင် ပေါ်တိုအတွက် အနိုင်ဂိုးကို မိုင်ကွန်က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် မက္ကာဘီတဲလ်အဗစ်နှင့် ဒိုင်နမိုကိဗ်ပွဲစဉ်တွင် ဧည့်သည် ဒိုင်နမိုကိဗ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒိုင်နမိုကိဗ်၏ သွင်းဂိုးများကို ၄ မိနစ်တွင် ယာမိုလန်ကိုနှင့် မိနစ် ၅၀ တွင် မိုရေ့စ်တို့က သွင်းယူခဲ့သည်။

ဒိုင်နမိုကိဗ်နှင့် ပေါ်တိုအသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီရရှိထားပြီး ချယ်လ်ဆီးမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ် ရရှိကာ မက္ကာဘီတဲလ်အဗစ်မှာအမှတ် မရရှိသေးပေ။ အုပ်စု(ဇ)တွင် လိုင်ယွန်နှင့် ဗလင်စီယာပွဲတွင် ဗလင်စီယာအသင်း အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယပွဲစဉ်အဖြစ် ဇင်းနစ်နှင့် ဂျန့်စ်ပွဲတွင် ဇင်းနစ်မှ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဇင်းနစ်အသင်းသည် နှစ်ပွဲနိုင်ပြီး ခြောက်မှတ်ဖြင့် ဇယားထိပ်မှာ ဦးဆောင်နေပြီး ဗလင်စီယာအသင်းမှာ ရမှတ်သုံးမှတ်ရရှိကာ ဂျန့်စ်နှင့် လိုင်ယွန်အသင်းတို့မှာ တစ်မှတ်စီသာ ရရှိထားသည်။

# အား/ကာသိပ္ပံ (ရန်ကုန်) ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုစေရန်နှင့် ကစားသမားများ အတွေ့အကြုံကောင်းများရရှိစေရန် အား/ကာသိပ္ပံ(ရန်ကုန်) နှင့် Sunlife တို့ ပူးပေါင်းကျင်းပသည့် Sunlife Cup ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က အမှာစကားပြောကြားပြီး Sunlife ကုမ္ပဏီက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က စတင်ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကာ အသင်းခြောက်သင်း ယှဉ်ပြိုင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များမှာ စက်တင်ဘာ ၃၀ ရက်က ပြီးဆုံးခဲ့ပြီး အောက်တိုဘာ ၂ နှင့် ၃ ရက်တို့တွင် ဆီမီးပွဲစဉ်၊ အောက်တိုဘာ ၄ ရက်တွင် တတိယနေရာလုပွဲ၊ အောက်တိုဘာ ၅ ရက်တွင် ဗိုလ်လုပွဲတို့ ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

● *ကျောဖုံးမှ*

မြန်မာအသင်းမှာ ယခုပွဲတွင် လူမစုံနိုင်ဟုသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဒဏ်ရာရရှိနေသည့် အသင်းခေါင်းဆောင် ရဲရင့်အောင်နှင့် နောက်ခံလူ စိုးမိုးထွန်းတို့ အပါအဝင် လူစုံပါဝင်ခဲ့သည်။ ဘရူနိုင်းအသင်းက ခံစစ်အသားပေးကစားသောကြောင့် မြန်မာအသင်းပွဲစကတည်းက တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး ခုနစ်မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ရွှေကိုကြောင့်ရရှိသည့် ပယ်နယ်တီကို ကွင်းလယ်လူ ဇင်ဖြိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း စိတ်ကြိုက်ဖိကစားခဲ့ပြီး ၂၆ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရဲရင့်အောင်က ဒုတိယဂိုး၊ ၂၈ မိနစ်တွင် ထူးခန့်လွင်က တတိယဂိုးတို့ သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းဂိုးထပ်ရခဲ့ပြီး တိုက်စစ်မှူး အောင်ဇင်ဖြိုးက နောက်ခံလူများကို ကျော်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဆက်လက်ဖိကစားနိုင်သော်လည်း ဂိုးထပ်မံမသွင်းနိုင်တော့ပေ။ မြန်မာအသင်း၏ခြေစွမ်းမှာ ယခင်ကထက် တိုးတက်မှုများ ရှိလာသော်လည်း တစ်ဦးချင်း ထိုးဖောက်မှုများနေ၍ တိုက်စစ်ဆင်မှုအချို့မှာ ထိရောက်မှုမရှိခဲ့ပေ။

ယခုပွဲအပြီးတွင် တီမောအသင်းက နှစ်ပွဲ ကစားတစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်၊ မြန်မာနှင့် ဗီယက်နမ်အသင်းတို့က တစ်ပွဲကစားတစ်ပွဲနိုင်၊ သုံးမှတ်စီ၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ တစ်မှတ်တို့ရရှိထားပြီး ဘရူနိုင်းအသင်းမှာ နှစ်ပွဲစလုံးရှုံးနိမ့်ကာ အမှတ်မရသေးပေ။ ပထမပွဲစဉ်တွင် တီမောအသင်းနှင့် ဟောင်ကောင်အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။ ဟောင်ကောင်အသင်းမှာ နိုင်ပွဲစတင်ရရှိရန်ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး တီမောအသင်းမှာလည်း နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်မည့် အခွင့်အရေးလက်လွတ်ခဲ့ရသည်။

တတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီခွဲတွင် ဗီယက်နမ်နှင့် ဘရူနိုင်း၊ ညနေ ၆နာရီခွဲတွင် မြန်မာနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

❖ *ကျောဖုံးမှ*

တစ်ကိုယ်တော်အစွမ်းဖြင့် ရန်ကုန်အသင်း ဂိုးစရခဲ့သည်။ ရန်ကုန်အသင်းမှာ ဂိုးရပြီးနောက်ပိုင်းတွင် ပွဲကိုထိန်းကစားသွား၍ ပထမပိုင်းအပြီးထိပွဲမှာ ပြိုင်ဆိုင်မှုမရှိခဲ့ပေ။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားမြင့်လာ၍ ပွဲမှာ အပြန်အလှန်ရှိလာခဲ့သည်။ ရန်ကုန်အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၆၉ မိနစ်တွင် ဆီဇာက သွင်းယူခဲ့သည်။ အခြားပွဲစဉ်များတွင် ဇွဲကပင်အသင်းက နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရခိုင်အသင်းက ချင်းယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးတို့ဖြင့်အနိုင်ရရှိပြီး ဧရာရွှေမြေအသင်းနှင့် မကွေးအသင်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

**ယနေ့ပွဲ (ဗထူးကွင်း)**

ရတနာပုံ - ဧရာဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်)
## ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်

(၁) သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(၂) ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၂၆ ရက်အထိ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၃) ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

(၄) မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများပေးသွင်းရမည်ဖြစ်ပါသည်။

(၅) ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှ တစ်ဆင့်လျှောက်ထားလိုပါက Website www.mge.gov.mm On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

(၆) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**


★ နေမင်းခကြာ ★
ရာထူးဝင်သင်တန်းကြီး
★ ရွေးကောက်ပွဲ ကော်မရှင် (ဦးစီးအရာရှိ)
★ နယ်များသို့စာအုပ်ပို့ပေးသည်။ စာအုပ်ဝယ်ယူရရှိနိုင်သောနေရာများမှာ
– နေပြည်တော် (မြို့မဈေး) (ရွှေမင်းသားစာပေနှင့်ရွှေရည်ဝင်းစာပေ)
– မန္တလေးမြို့ (ညိုစာပေနှင့်ခေတ်ပီစာပေ)
– မော်လမြိုင်မြို့ (ကျော်ကျော်စာပေ)
★ ပြည်မြို့တွင်လည်း တန်းခွဲစတင်ဖွင့်လှစ်ပြီ။
အနော်ရထာအိမ်ရာအတွင်း၊လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ဖုန်း – ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၉၂၃


**အမည်ပြောင်း** ဦးဇေယျာထွန်း ၁၂/တမန(နိုင်)၀၉၉၃၅၈၏ သား တာမွေမြို့နယ်၊ အမက ၁၈ တတိယတန်း(က)မှ မောင်စောထွန်းဇေယျာအား မောင်ကောင်းခန့်ဈာန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းခန့်ဈာန်**

**ဖခင်အမည်မှန်**

မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သန်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၅/မရန(နိုင်)၁၉၅၁၉၀ ဖြစ်ပါသည်။ **ဦးစိန်ဝင်း**

**မိဘအမည်မှန်**

မုံရွာမြို့၊ အလုံတပ်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မမေမြတ်နိုးဦး၏ မိဘအမည်မှန်မှာ ဦးနိုင်စိုး ၅/မရန(နိုင်)၁၅၇၃၅၃–ဒေါ်ဆန်း ၈/ပခန(နိုင်)၂၁၄၆၅၆ ဖြစ်ပါသည်။ **ဦးနိုင်စိုး–ဒေါ်ဆန်း**


တစ်အိတ်ဝယ်ရင် ပို့ပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ ။
09-73077711 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၃)
## တံတားအထူးအဖွဲ့ (၁၂)
## အမှတ်စဉ် (၃/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၂)မှ (၂၀၁၅–၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်တံတားလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ပမာဏ | မှတ်ချက် |
|---|---|---|---|
| ၁။ | တောသစ် | ၁၅၀ တန် | |
| ၂။ | သံချောင်းလုံး (ရှယ်စုံ) | ၁၉၀ တန် | |
| ၃။ | ဘိလပ်မြေ | ၆၀၀ တန် | |
| ၄။ | ခွဲကျောက် | ၆၀၀ ကျင်း | |
| ၅။ | မြစ်သဲ | ၃၀၀ ကျင်း | |

**ပစ္စည်းများ လုပ်ငန်းခွင်အရောက် ပေးသွင်းရန်ဖြစ်ပါသည်။**

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** – ၁–၁၀–၂၀၁၅ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံ ပိတ်မည့်ရက်/အချိန်** – ၁၄–၁၀–၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** – ၁၅–၁၀–၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀း၃၀နာရီ

၅။ **တင်ဒါဖွင့်မည့်နေရာ** – တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ် သိရှိလိုပါက ဖုန်း–၀၈၄–၂၃၁၇၀၊ ၀၉–၅၂၁၂၂၀၃တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံ တစ်စောင်လျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏(၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၀ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီးအလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၈ ရက်ညနေ ၄ နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ကျေးရွာလုံးကျွတ် မြေငှားဂရန်များ ထုတ်ပေး

**သီပေါ စက်တင်ဘာ ၃၀**

တစ်မြို့နယ်တစ်ရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းစီမံချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ တတိယပတ်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

သီပေါမြို့နယ်အတွင်း ကျင်သီကျေးရွာအနေဖြင့် ပထမဆုံးစံပြအနေနဲ့ ထုတ်ပေးခြင်းဖြစ်ရာ အခြားကျန်ရှိသေးသောရွာများကိုလည်း ထုတ်ပေးဦးမှာဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက ပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဦးစိုင်းမြတ်လွင်က မြေငှားဂရန် ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ကျေးရွာမြေငှားဂရန်ရရှိသော ဒေသခံတိုင်းရင်းသား ပြည်သူများပိုင်ဆိုင်သည့်မြေဧရိယာ ဧက ၁၇ ဒသမ ၆၀၀၊ အိမ်ခြံမြေကွက် ၂၁၂ ကွက်၊ မိသားစု ၁၂၀ စုတို့ကိုမြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အိမ်ထောင်စု တစ်စုချင်းအလိုက်မြေငှားဂရန်စာချုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ကြို့ပင်သာတွင် လျှပ်စစ်မီးရရှိ

**နတ်တလင်း စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကြို့ပင်သာကျေးရွာအုပ်စုတွင် လူနေမှုအဆင့်မြင့်စေနိုင်ရန် ဒေသနေပြည်သူများစုပေါင်း၍ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ကြရာ စက်တင်ဘာ ၂၇ ရက်ညနေပိုင်းမှစပြီး လျှပ်စစ်မီးများ လင်းနေပြီဖြစ်ကြောင်း သိရသည်။

"ရွာထိပ်ဓာတ်တိုင်ကနေပြီး ရွာအတွင်းဆက်သွယ်ယူတာက ၁၁ကေဗွီအေကြိုးပေ ၁၅၀၀၊ ထရန်စဖော်မာ ၂၀၀ ကေဗွီအေတစ်လုံး၊ ဓာတ်တိုင်များကိုကိုယ့်အားကိုယ်ကိုးနဲ့ စုပေါင်းပြီး ငွေကျပ်သိန်း ၄၀၀ အကုန်ကျခံ လုပ်ရတာပါ။ အိမ်တွင်းမီတာတပ်ဆင်ပြီး ၉၅ အိမ်မီးလင်းနေပြီ၊ လျှပ်စစ်မီးရှိတော့ ပွင့်လင်းရာသီမှာ မီးဘေးအန္တရာယ်ကင်းဝေးသလို ဒုစရိုက်မှုလည်းနည်းပါးသွား ပါလိမ့်မယ်"ဟု ကျေးရွာမီးလင်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်က ပြောသည်။ **တင်မြင့် (နတ်တလင်း)**

# သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးအလုပ်ရုံဆွေးနွေး

**ရမည်းသင်း စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ရမည်းသင်းမြို့သီလဝခန်းမ၌ကျင်းပရာ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်၊ ခရိုင်လဝက ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးဘုန်းနိုင်နှင့်ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့စည်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးကသင်တန်းမှဆွေးနွေးပို့ချချက်များကို လေ့လာဖတ်ရှုအသိပညာပေးမှုများ ပေါင်းစပ်ပြီး အလုပ်ရုံဆွေးနွေးပွဲအဖွဲ့များဖွဲ့စည်းကာ စတင်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဌာနအသီးသီးမှဝန်ထမ်းများနှင့်လူမှုရေးအသင်းဝင်များ အပါအဝင် သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ညွန့်ရွှေ**

# ရေကြီးနစ်မြုပ်ပြီးငါးများ ဖမ်းဆီးရမိမှုနှစ်ဆတိုး

**ကောလင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ ရက်နောက်ပိုင်း ရေကြီးနစ်မြုပ်ပြီးနောက် သားငါးဖမ်းဆီးရမိမှု ပမာဏ ယခင်နှစ်များထက် ယခုနှစ်နှစ်ဆ ပိုမိုလာသည်။

ငါးမွေးမြူရေးရေကန်ကြီးများမှ ငါးများသည် ဇူလိုင်၊ ဩဂုတ်နှစ်လအတွင်း အဆက်မပြတ်မိုးရွာသွန်းရာမှ မွေးမြူရေးကန်များရေလျှံပြီး မွေးမြူရေးငါးကန်များ ချောင်းမြောင်းထဲသို့ ရောက်ရှိသွား၍ ငါးများဆုံးရှုံးခဲ့ရကြောင်း အင်းလေလံ လုပ်ငန်းရှင်များက ပြောပြသည်။

ကောလင်းမြို့တွင် အဓိက စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် ကျေးလက်ဒေသပြည်သူများက အသက်မွေးလျက်ရှိရာ ယခုအခါ မွေးမြူရေးငါးကန်များ ရေလျှံဆုံးရှုံးကြောင်း၊ စီးပွားရေးနစ်နာမှု ဖြစ်သော်လည်း ဒေသခံကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအရ ဒေသထွက် ကုန်စည်တွင် ငါးလေးချဉ် တစ်ပိဿာ ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချနိုင်ကြောင်း ငါးအဝယ်ဒိုင်မှ ပြောပြသည်။

ယခင်နှစ်များက ငါးလေးချဉ် တစ်ပိဿာငွေကျပ် ၇၀၀၀မှ ၇၅၀၀ ဖြစ်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုကြောင့် ချောင်းမြောင်းများမှ ငါးရရှိမှုတိုးမြင့်လာ၍ ငါးလေးချဉ်ဈေးသက်သာလာကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

# တောင်သူများအကျိုးရှိစေရန် ပဲစင်းငုံ လေးမျိုး စမ်းသပ်စိုက်ပျိုး

**ရေစကြို စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ စပါး မစိုက်ပျိုးနိုင်သော ဒေသနေတောင်သူများ အကျိုးအမြတ်ရရှိစေရန်အတွက် ယာသီးနှံဖြစ်သော ပဲစင်းငုံကိုဒေသရေ၊ မြေသဘာဝနှင့် ကိုက်ညီ၍ အထွက်နှုန်းကောင်းသော မျိုးရရှိရန် ညောင်ဦးရွှေဒင်္ဂါး၊ မုံရွာရွှေဒင်္ဂါး၊ ရေဆင်း(၉)နှင့် ဒေသမျိုးလေးမျိုးကို ရေစကြိုမြို့နယ် မောက္ကလန်ကျေးရွာ ကွင်းအမှတ် ၂၄၈၊ ဦးပိုင်အမှတ် ၂၇၊ တောင်သူဒေါ်သင်းမြို့ဦး ယာခင်းအတွင်း စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနကတော့ ဒေသခံတောင်သူတွေ အကျိုးအမြတ် ပိုမိုရရှိစေတဲ့ သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်၊ အထူးသဖြင့် တစ်ဧကအထွက်နှုန်းတိုးအောင် မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုဖြန့်ဝေပေးပါတယ်၊ ပြီးတော့ အထွက်တိုးအောင် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို ကွင်းထဲအရောက်နည်းပညာများ ပြသပေးပါတယ်။ ပျိုးထောင်ချိန်ကစပြီး ရိတ်သိမ်းချိန်အထိ အလေအလွင့်မရှိအောင် ပညာပေးဟောပြောမှုတွေကိုလည်း ဆောင်ရွက်ပေးပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိန်မောင်က ပြောပြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# မြစိမ်းရောင်ရန်ပုံငွေလွှဲအပ်ခြင်း အခမ်းအနားပြုလုပ်

**ဟိုပုံး စက်တင်ဘာ ၃၀**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားစေရန် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ပေါင်လင်းကျေးရွာအုပ်စု တွံတီးကျေးရွာအတွက် ငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယင်းကျေးရွာရှိဘုန်းကြီးကျောင်း၌ စက်တင်ဘာ စတုတ္ထပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုန်း)**

**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စက်တင်ဘာ ၂၅ ရက်က ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်လှစ်ရာ အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြသီ အမှာစကားပြောကြားစဉ်။**
ကိုမျိုး(ရွှေပေါက်ကံ)



**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၃၀**

လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခါးသျှီကျေးရွာ၌ရှိသော သတ္တုသန့်စင်စက်ရုံ၌ ဟောပြောပွဲနှင့်ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းကို စက်တင်ဘာ ၂၈ ရက်က ၎င်းစက်ရုံရှိ စာကြည့်တိုက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲနှင့်ရွှေ့လျားစာကြည့်တိုက်ဝန်ဆောင်မှု အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာဖတ်ခြင်းနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် သုတစာအုပ် ၅၀ ကို တစ်ပတ်တစ်ကြိမ်ငှားရမ်းမှုစနစ်ဖြင့် ငှားရမ်းပေးပြီး နံရံကပ်စာပေရေးချမ်းစင်မှ စာစဉ်များနှင့် ဂျာနယ်များလှူဒါန်းခဲ့ကြောင်း၊ ၎င်းစက်ရုံတွင် ဝန်ထမ်းပေါင်း ၄၀၀ ကျော်ရှိပြီး စာဖတ်ဝါသနာပါသူများအနေဖြင့် အားလပ်ချိန်များတွင် စာပေဗဟုသုတ တိုးပွားစေရန် စက်ရုံတွင် စာကြည့်တိုက်ဖွင့်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်တည်ဆောက်မှု အောက်တိုဘာလကုန်တွင် ပြီးစီးမည်

**သပိတ်ကျင်း စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်၌ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်ကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်လျက်ရှိရာ အောက်တိုဘာလကုန်တွင် တည်ဆောက်မှုအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်းမြို့ပေါ်ရှိ ပြည်သူများအား သောက်သုံးရေပေးဝေရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေပေးရာ အခက်အခဲများရှိခဲ့ပြီး ရေလုံလောက်စွာ မသုံးစွဲနိုင်သဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် အလျား ၄၅ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေရှိ ဂါလန်တစ်သိန်းဆံ့ရေလှောင်ကန်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်းမြို့ပေါ်တွင် အိမ်ခြေ ၉၀၀ နီးပါး၊ လူဦးရေ ၆၀၀၀ နီးပါးရှိပြီး ရေလိုအပ်ချက်မှာ နေ့စဉ် ဂါလန် ၁၂၀၀၀၀ ခန့်ဖြစ်သော်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လက်ရှိရေဖြန့်ဝေပေးနိုင်မှုမှာ ဂါလန် တစ်သောင်းခွဲဆံ့နှင့် ဂါလန်သုံးသောင်းဆံ့ ရေကန်များမှ စုစုပေါင်း ဂါလန်လေးသောင်းခွဲခန့်သာရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိမှုအပေါ်မူတည်၍ အလှည့်ကျစနစ်ဖြင့် နေ့ရောညပါ ရေဖြန့်ဝေပေးခဲ့သော်လည်း ပြည်သူများအတွက် ရေအခက်အခဲရှိခဲ့ကြောင်း၊ ယခုတည်ဆောက်နေသည့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်ကြီး ပြီးစီးပါက မြို့နေပြည်သူများအတွက် သောက်သုံးရေများ ယခင်ထက်ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# နွားလှည်းတွင် ကားတာယာဘီးတပ်၍ အသုံးပြုသူများလာ

**ညောင်ဦး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသများမှ နွားလှည်းများတွင်ယခင်ကအသုံးပြုသည့် သစ်သားလှည်းဘီးများအစား ကားတာယာဘီးများကို အစားထိုးအသုံးပြုသူများလာကြောင်း သိရသည်။

"ကျွန်တော်တို့ အရင်တုန်းက သစ်သားနွားလှည်းဘီးကိုသာ အသုံးပြုပေမယ့် အခုဒီဒေသမှာ တောင်သူ အများစုဟာ ကားတာယာဘီးကိုပဲ နွားလှည်းဘီးအဖြစ် အသုံးပြုတာ များပါတယ်။ နွားလှည်းမှာ ကားတာယာဘီးတပ်တာဟာ ဘက်ပေါင်းစုံအတွက် အသုံးဝင်ပါတယ်။ ရေသယ်မယ်ဆိုရင်လည်း ရေနှစ်စည် သုံးစည်ကို ပေါ့ပေါ့ပါးပါး တင်ဆောင် မောင်းနှင်နိုင်တယ်။ ဈေးနှုန်းအနေနဲ့လည်းကားကြီးတွေမှာ မလိုအပ်၊ အသုံးမဝင်တော့တဲ့ ကားဘီး အဟောင်းတွေကို ဝယ်ပြီး တပ်တာဖြစ်လို့ ငွေကြေး သက်သာပါတယ်။ ကားတာယာဘီးအသစ်ဝယ် တပ်ရင်တော့ သစ်သားဘီးထက် ပိုပြီးကုန်ကျမှာပါ။ သစ်သားဘီးထက် ကားတာယာဘီး တပ်ဆင်မောင်းတာက ကျွန်တော်တို့လိုတောင်သူတွေအတွက် အဆင်ပြေပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်သည် ရေရှားပါးသောဒေသဖြစ်သောကြောင့် ဒေသအတွင်းရှိတောင်သူလယ်သမားများအတွက် ဧရာဝတီမြစ်ထဲတွင် မြစ်ရေတင် စက်ရုံတည်ထောင်၍ မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေ လျက်ရှိရာ ရေမရောက်သောနေရာများမှ ပြည်သူများသည် နွားလှည်းများပေါ်တွင် ရေစည်များ တင်ပြီး ရေပေးဝေရာနေရာအထိ လာရောက်၍ ရေသယ်ယူရကြောင်း၊ ရေစည်များ သယ်ယူသည့် ရေသယ်နွားလှည်းများတွင် ယခင်ကအသုံးပြုခဲ့သော သစ်သားလှည်းဘီးအစား ကားတာယာဘီးများ အသုံးပြုခြင်းက ပို၍အဆင်ပြေသဖြင့် ကားတာယာဘီးကို အသုံးပြုသူ များလာခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အမကကျောင်းသို့ စာရေးခုံနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်း

**မိတ္ထီလာ စက်တင်ဘာလ ၃၀**

မိတ္ထီလာမြို့ အင်းကုန်းရပ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းသို့ စာရေးခုံနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။



လှူဒါန်းပွဲတွင် ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး စာရေးခုံနှင့် ဗလာစာအုပ်များ အလှူရှင် နေပြည်တော် တပ်ကုန်းမြို့မှ ရွှေအမြွာ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးကျော်စိုးလွင်က မိမိသည် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ ၁၉၈၂နှစ်အထိ ပညာသင်ကြားခဲ့ရာ မိမိပညာသင်ကြားခဲ့သည့်ကျောင်းမှ ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ဗလာစာအုပ်နှင့် စာရေးခုံများ ဒုတိယအကြိမ် လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။ အလှူရှင်မိသားစုသည် ယခင်နှစ်ကလည်း ကျောင်း အုတ်တံတိုင်းအတွက် ငွေကျပ်ငါးသိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၃၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ရွှေအမြွာ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးကျော်စိုးလွင် မိသားစုက ဒုတိယအကြိမ်လှူဒါန်းသည့် စာရေးခုံ အမြင့် ၂၅ ခုံနှင့် ဗလာစာအုပ် ဒါဇင် ၁၅၀ ကို ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သတင်းတို

### ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ရဲမှူးကြီး မျိုးမင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ ဖားကန့်မြို့မစခန်းမှူး ဒုရဲမှူးနိုင်ဝင်းတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ မြက်သစ်ပင်များနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**စိုးနိုင်ဦး(ဖားကန့်)**

### အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို စက်တင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့ရာ ကျောက်တံခါးမြို့နယ် မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်နှင့် ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝေဖြိုးဦးတို့က အမှာစကားပြောကြားသည်။ သင်တန်းသို့ မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး သင်တန်းနည်းပြငါးဦးက တစ်လကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### လူထုစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခြောက်ဆယ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ကြီးမှူး၍ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄/၂၀၀၅)ကို စက်တင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၈ မှ အောက်တိုဘာ ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**




# ကျန်းမာရေးလုပ်ငန်းစဉ်များ အသိပေးဆွေးနွေးပွဲကျင်းပ

**ဖရူဆို စက်တင်ဘာ ၃၀**

ကျန်းမာရေးလုပ်ငန်းစဉ်များ အသိပေးဆွေးနွေးပွဲနှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ထောင်စုနှစ်ရည်မှန်းချက် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့ (IOM) နှင့် 3MDG မှ စီမံကိန်း မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းစိုးက ကျန်းမာရေးလုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်လုဖောက မြို့နယ်အတွင်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြကာ မိတ်ဖက် NGO အဖွဲ့အစည်းများကိုယ်စား IOM အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးမျိုးချစ်က 3MDG မှ ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ငွေကြေး၊ နည်းပညာ၊ ပရိဘောဂများ ကူညီပေးနေမှုများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးအထောက်အကူပြုကော်မတီများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားမိတ်ဖက် NGO အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သော တန်ဖိုးကျပ် ၄၃ သိန်းကျော်ရှိ ပလတ်စတစ်ထိုင်ခုံ ၂၉၂ လုံး၊ သစ်သားစားပွဲ ၃၄ လုံးနှင့် သစ်သားကုလားထိုင် ၃၄ လုံးကို IOM မှ စီမံကိန်းမန်နေဂျာက ဖရူဆိုမြို့နယ် ခေတ္တကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

## မိုးကြိုချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ကွင်းပြပွဲကျင်းပ

**ပုလဲ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ထန်းတောတိုက်ကျေးရွာ၌ မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်(၈) တစ်ဧကနှင့် ငွေချည်(၉) တစ်ဧက မျိုးစေ့ထုတ် စိုက်ကွင်းပြပွဲကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

"ရွှေတောင်(၈)နှင့် ငွေချည်(၉)ချည်မျှင်ရှည်ဝါများဟာ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်တဲ့ ဗီဇအရည်အသွေးရှိပြီး ရာသီမရွေးစိုက်ပျိုးနိုင်တဲ့အတွက်ကြောင့် သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၀ ချက်နဲ့အညီ လိုက်နာဆောင်ရွက်ရင် တစ်ဧကအထွက်နှုန်း ပိဿာချိန် ၁၀၀၀ နဲ့အထက် ထွက်ရှိနိုင်ကြောင်း အခုလို အမှန်တကယ်အောင်မြင်ဖြစ်ထွန်းနေတဲ့ စိုက်ကွင်းကို တောင်သူတွေကို ဖိတ်ခေါ်ပြီး လက်တွေ့သရုပ်ပြရှင်းလင်းပေးတာဖြစ်ပါတယ်။ အဓိကကတော့ သီးနှံအထွက်နှုန်းတိုးတက်လာခြင်းမှသည် တောင်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် အမာခံဈေးကွက်ရှိတဲ့ ဝါမျိုးသန့်များ စိုက်ပျိုးနိုင်ဖို့ ဝန်ထမ်းများက တောင်သူများနဲ့အတူ ကွင်းထဲဆင်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပုလဲမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြီးညိုက ပြောသည်။

စိုက်ကွင်းပြသသည့် တောင်သူဦးသန်းလွင်က "ဒီနှစ်ရွှေတောင်(၈)နှင့် ငွေချည်(၉) မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဧကစီကို ဝါရုံးက ဝန်ထမ်းတွေရဲ့ အကူအညီနဲ့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၀)ချက်နဲ့ စိုက်ပျိုးခဲ့ရာ စိုက်စရိတ်နဲ့ အလုပ်သမားခအပါအဝင် တစ်ဧကကို သုံးသိန်းခွဲနှုန်းနဲ့ နှစ်ဧကဆိုတော့ ခုနစ်သိန်းကုန်ကျပါတယ်။ နှစ်ဧကအထွက်နှုန်းက ရာသီကုန်အထိ ခန့်မှန်းပိဿာချိန် ၂၂၀၀ ကျော်လောက်ထွက်မယ်လို့မှန်းပါတယ်။ လက်ရှိဝါပေါက်ဈေးက တစ်ပိဿာ ငွေကျပ် ၁၀၀၀ ရှိတာမို့ ၂၂ သိန်းကျော်လောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိုးကောင်းသောက်ဒေသက တောင်သူတွေအနေနဲ့လည်း အခြားသီးနှံများအပြင် အကျိုးဖြစ်ထွန်းတဲ့ မိုးကြိုချည်မျှင်ရှည်ဝါကို စိုက်ပျိုးသင့်ပါတယ်"ဟု ပြောသည်။

အဆိုပါ မိုးကြို ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)နှင့်ငွေချည်(၉) ဝါမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းပြပွဲသို့ ယင်းမာပင်ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမောင်မောင်သန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံ ဝါစိုက်တောင်သူများ တက်ရောက်လေ့လာခဲ့သည်။

**မင်းခန့်စိုး(ဓေယျာမြေ)**



## တစ်ဖက်နိုင်ငံမှ ကျူးကျော်ငါးဖမ်းလှေများကြောင့် ကော့သောင်းမြို့ခံ ကမ်းနီးငါးဖမ်းလှေများ ပြန်လည်ဝင်ရောက်လာရ

**ကော့သောင်း စက်တင်ဘာ ၃၀**

တစ်ဖက်နိုင်ငံမှ ကျူးကျော်ဝင်ရောက်ကာ ငါးဖမ်းသည့်လှေများကြောင့် တရားဝင် ငါးဖမ်းလိုင်စင်များဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ကော့သောင်းမြို့မှ ကမ်းနီးငါးဖမ်းလှေ အစင်း ၃၀ ကျော်ခန့်မှာ စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ငါးဖမ်းလုပ်ငန်းခွင်ရပ်နားကာ ကော့သောင်းမြို့သို့ အစုအပြုံလိုက် ပြန်လည်ဝင်ရောက်လာရကြောင်း ငါးဖမ်းလှေအုပ်စုမှ အဖွဲ့ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြန်လည်ဝင်ရောက်လာခဲ့သည့် ငါးဖမ်းလှေအုပ်စုမှ အဖွဲ့ခေါင်းဆောင်က ၎င်းတို့ငါးဖမ်းလှေအုပ်စုသည် သတ်မှတ်ထားသည့် ကမ်းနီးငါးဖမ်းလုပ်ကွက် မြန်မာ့ရေပိုင်နက် ၄က်သိုက်ကျွန်း၊ ဒယ်အိုးကျွန်းနှင့် သံကျွန်းအနီး စက်တင်ဘာ ၂၇ ရက်က ပိုက်များမျှော၍ ငါးဖမ်းနေစဉ် တစ်ဖက်နိုင်ငံ(ထိုင်း) မှ (အမည်မရှိ) လိုင်းနီကမ်းဝေးငါးဖမ်းလှေ(ဒေသအခေါ်-လပ်ကူး)ခေါ် နှစ်စင်းတွဲဝါလပ်ငါးဖမ်းလှေ အစင်း ၂၀ ခန့်သည် ကမ်းနီးငါးဖမ်းလုပ်ကွက်အတွင်း ဝင်ရောက်ငါးဖမ်းကြောင်း၊ ကော့သောင်းငါးဖမ်းလှေအဖွဲ့များ ငါးဖမ်းရန်မျှောထားသည့် ပိုက်များကို စက်အားကောင်းမွန်သည့် ၎င်းတို့လှေများဖြင့် ဝင်ရောက်ဖြတ်သန်းခုတ်မောင်းသဖြင့် ငါးဖမ်းပိုက်များ ဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါ ကမ်းဝေးငါးဖမ်းလှေများမှာ ထိုင်းနိုင်ငံသားပိုင် တရားမဝင်ငါးဖမ်းလှေများ ဖြစ်ဟန်တူကြောင်း၊ ဒေသခံတံငါသည်များ၏ ကမ်းနီးငါးဖမ်းလုပ်ကွက်အတွင်း မကြာခဏ ဝင်ရောက်ကျူးကျော်ငါးဖမ်းလှေရှိကြောင်း၊ နေ့ဘက်နှင့် ညဘက်များပါ ဆက်တိုက်ငါးဖမ်းကြကြောင်း ပြောသည်။

၎င်းတို့ ငါးဖမ်းလှေများတွင် လက်နက်များပါရှိနိုင်ကြောင်း၊ ကော့သောင်းငါးဖမ်းလှေအဖွဲ့များက ငါးဖမ်းပိုက်များချထားကြောင်း အသိပေးအကြောင်းကြားသော်လည်း ဂရုမစိုက်သည့်အပြင် နိုင်ထက်စီးနင်းပြုမှု မကြာခဏကြုံရကြောင်း၊ ယခုအကြိမ်တွင် မိမိတို့၏ ချွေးနှဲစာများဖြင့် စုဆောင်းလုပ်ကိုင်ရသည့် လုပ်ငန်းသုံးပစ္စည်းများ ဆုံးရှုံးမှုဖြစ်ပွားသဖြင့် ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် ဒေသတာဝန်ရှိအဖွဲ့အစည်းများ သိရှိနိုင်ရေးအတွက် သတင်းပို့ရန် ငါးဖမ်းလုပ်ငန်းကိုရပ်နားကာ အုပ်စုဖွဲ့ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း ပြန်လည်ဝင်ရောက်လာခဲ့သည့် ငါးဖမ်းလှေအုပ်စု အဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်အရ သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြန်အောင် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု တိုးမြှင့်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်အတွင်း လူစည်ကားသောနေရာများ၌ မြို့နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို သိရှိစေရန်၊ ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းများ၊ စ က်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများ၊ ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်တိုက်မှုဖြစ်လျှင် အရေးယူခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## ကလေးဒေသတွင် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် ပြင်ဆင်နေ

**ကလေး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ပျက်စီးလယ်မြေများတွင် အစားထိုးသီးနှံဖြစ်သည့် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိရာ ရေကြီးစဉ်က မျောပါတင်ကျန်ခဲ့သော သစ်တုံးများကို ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ် ဇင်းကလင်း၊ ပေါက်ခုံနှင့် ရေလဲဦး ကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်းများ လွယ်ကူချောမွေ့စွာ ပြန်လည်သွားလာနိုင်ရေးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လမ်းဘေးဝဲယာရှိ ရေမျော သစ်တုံးများ ရှင်းလင်းခြင်း၊ ပျက်စီးသွားသော လယ်မြေများအတွင်း သစ်တုံးသစ်ပင်များရှင်းလင်းခြင်းများကို နယ်မြေခံတပ်မတော်သားများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များ၏ အကူအညီနှင့် စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သစ်တုံးများ ဖယ်ရှားရှင်းလင်းခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးဇော်မြင့်ဦးက စက်တင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## ကလပ်အသင်းပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မိုးလုံလေလုံအားကစားရုံကြီး၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ကျင်းပရန် စီစဉ်နေကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"မြို့နယ်အားကစားလှုပ်ရှားမှုအနေနဲ့ ကလပ်အသင်းပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ကျင်းပသွားမှာပါ၊ ပါဝင်မယ့်အသင်းတွေကတော့ မုံရွာမြို့ပေါ်က ဘော်လီဘောကလပ်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ဖို့အတွက် အမည်စာရင်းပေးထားပါတယ်၊ ပြိုင်ပွဲကိုတော့ မုံရွာမြို့မိုးလုံလေလုံအား ကစားရုံကြီးမှာပဲ ၁၁ ရက်ကြာ ကျင်းပသွားမှာပါ"ဟု အားကစားနှင့် ကာယ ပညာဦးစီးဌာနမှူး ဦးမျိုးနိုင်က ပြောသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံဘော်လီဘောပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘုတ်ပြင်း စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကမာချောင်းကျေးရွာအုပ်စု၌ ဆောင်ရွက်လျက်ရှိသော သောက်သုံးရေပေးဝေရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၈ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကမာချောင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့က ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းကို ကျေးရွာအုပ်စုမှ နှစ်မိုင်အကွာအဝေးရှိ ရေအရင်းအမြစ်ရနိုင်သည့်နေရာတွင် ဂါလန် ၇၀၀၀ဆံ့ ရေစုကန်တည်ဆောက်ကာ အေးချမ်းမြိုင်(၁)ကျေးရွာ ၊ အေးချမ်းမြိုင်(၂)ကျေးရွာနှင့် ကမာချောင်းကျေးရွာမှ ကျေးလက်ပြည်သူများသို့ တစ်နှစ်ပတ်လုံး သောက်သုံးရေအလုံအလောက်ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို Tharithory Three Star ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၁၂)

## အဏုမြူအမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း

### သိပ္ပံစာရေးဆရာကိုကိုအောင်

**နိဂုံး**

ကမ္ဘာပေါ်၌ စက်မှုတော်လှန်ရေးဖြစ်ပေါ်ခဲ့သည့် အချိန်ကာလမှစ၍ သိပ္ပံပညာရပ်များ သိသိသာသာ တိုးတက် ထွန်းကားလာခဲ့သည်။ မှန်မှန်တိုးတက် ပြောင်းလဲလာခဲ့သော ကမ္ဘာ့သိပ္ပံပညာနယ်ပယ်ကြီးသည် ပြီးပြည့်စုံသော ကွန်ပျူတာများကို တီထွင်အသုံးပြုနိုင်ခဲ့သည့် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း အရောက်တွင် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ထူးထူးခြားခြား ပြောင်းလဲတိုးတက်လာခဲ့သည်။

၁၈၃၀ ပြည့်နှစ်က စတင်ခဲ့သော ကြေးနန်းဖြင့် သတင်းပို့ဆက်သွယ်သည့်ခေတ်က ကြေးနန်းရိုက်ချက် တစ်ချက်သည် အက္ခရာတစ်လုံးတည်းကိုသာ ကိုယ်စားပြုနိုင်ခဲ့သော်လည်း ယနေ့ခေတ်တွင် ကွန်ပျူတာတစ်လုံးသည် စက္ကန့်အနည်းငယ်အတွင်းမှာပင် ထောင်ပေါင်းများစွာသော အက္ခရာနှင့် ကိန်းဂဏန်းအချက်အလက်များကို အီးမေးလ်စနစ်ဖြင့် ပေးပို့နိုင်ပြီဖြစ်သည်။

၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလက ကျင်းပပြုလုပ်ခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ကို ကမ္ဘာ့ပထမဦးဆုံးသော တရားဝင် ရေဒီယိုထုတ်လွှင့်ချက်အဖြစ် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ပစ္စဘတ်မြို့ KDKA အသံလွှင့်ရုံမှ လွှင့်ထုတ်ခဲ့စဉ်က ရေဒီယိုလက်ဝယ်ရှိသည့် သောင်းဂဏန်းမျှသော ပြည်သူတို့ကသာ သိရှိနိုင်ခဲ့ကြရာမှ ၁၉၈၀ ပြည့်လွန်နှစ် နောက်ပိုင်းတွင် ကမ္ဘာ့ဒေသအနှံ့အပြားရှိ ရာပေါင်းများစွာသော တစ်ပိုင်တစ်နိုင် အက်(ဖ်)အမ်အသံလွှင့်ရုံများနှင့်အတူ ရေဒီယိုလက်ဝယ်ရှိသူ အရေအတွက်မှာလည်း သန်းနှစ်ထောင်ကျော်အထိပင်ရှိခဲ့ပြီ ဖြစ်သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု ဘော့စတွန်မြို့မှ ဂျီအာကာရီ ၁၈၇၅၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ဒေါက်တာပေါလ်နစ်(မ)ကော့ဗ် ၁၈၈၄၊ စကော့တလန်နိုင်ငံသား ဂျွန်လိုဂျီဘတ် ၁၉၂၆ နှင့် ရုရှားလူမျိုး ဒေါက်တာ ဗလာဒီမာကော့စ်မာဇိုရီကင် ၁၉၈၃တို့၏ အဆင့်ဆင့်တီထွင်မှုများကြောင့် ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပေါ်ထွက်လာသည့် ကမ္ဘာ့ပထမဦးဆုံးသော ရုပ်မြင်သံကြားစက်များသည် ၇၅ နှစ်ကျော်မျှသာ ကာလရှည်ကြီးကို ဖြတ်သန်းခရီးနှင်ခဲ့ပြီးနောက် အရည်အသွေးအလွန်မြင့်မားသော မျက်နှာပြင်ကွေးသုံးဘက်မြင် ရုပ်လုံးကြွရုပ်မြင်သံကြားစက်များအဖြစ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

အလားတူပင် ၁၉၇၄ ခုနှစ်က အင်ဂျင်နီယာပညာရှင် မာတင်ကူးပါး၏ တီထွင်မှုကျေးဇူးကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ သန်းပေါင်းထောင်နှင့်ချီသော ဆယ်လူလာ မိုဘိုင်းဖုန်းများကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်သည်။ ထိုထိုသော အကြောင်းများကြောင့် တစ်ချိန်က အလွန်ကြီးမားကျယ်ပြန့်လာသည်ဟု ယူဆခဲ့ကြသော ဤကမ္ဘာကြီးသည် ဆက်သွယ်မှုအလွန်လျင်မြန်ထိရောက်သည့် တစ်ပေါင်းတစ်စည်းတည်းသော ကမ္ဘာ့ရွာကြီး အဖြစ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ယင်းသို့ ပြောင်းလဲတိုးတက်မှုများကို သိသိသာသာ ထင်ထင်ရှားရှားတွေ့မြင်နေရသည့် ဤကမ္ဘာကြီးတွင် ခေတ်သစ် သိပ္ပံပညာရပ်တစ်ခုဖြစ်သော အဏုမြူနည်းပညာ၏ အသီးအပွင့်များကိုလည်း ကမ္ဘာ့ပြည်သူတို့က အကျိုးရှိစွာ ရယူခံစားလျက်ရှိနေကြသည်။ ရောဂါရှာဖွေမှုမှသည် ကင်ဆာဆဲလ်များကို ဖျက်ဆီးသည့် ကုထုံးများအထိ၊ တိုင်းတာမှုများကို အလွန်တိကျစွာလုပ်ဆောင်ခြင်းမှသည် အာကာသစီမံကိန်းများအထိ သုတေသနလုပ်ငန်းမှသည် ရှေးဟောင်းပစ္စည်းသက်တမ်း ဖော်ထုတ်ခြင်းများအထိ အဏုမြူနည်းပညာက ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြုလျက်ရှိနေသည်။

ထို့ပြင် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီပေါင်း ၁၃၀ ဘီလီယံရှိနေသည့် ကမ္ဘာ့လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို တစ်စိတ်တစ်ပိုင်းအားဖြင့် ၁၆ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနေကြသည့် အဏုမြူဓာတ်အားပေးစက်ရုံကြီးများသည်လည်းကမ္ဘာ့ပြည်သူတို့ကို အဏုမြူနည်းပညာဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

အဏုမြူနည်းပညာ အသုံးချမှုများအတွက် အဏုမြူစွမ်းအင်ဖြင့် ကမ္ဘာ့ပြည်သူအများစုကို တိုက်ရိုက်အကျိုးပြုနေသော လုပ်ငန်းကြီးတစ်ခုမှာ အဏုမြူဓာတ်ပေါင်းဖိုများကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရယူဖြန့်ဖြူးပေးခြင်းပင်ဖြစ်သည်။ အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူခြင်းသည် အကျိုးအမြတ် အလွန်ကြီးမားသော ရေရှည်မျှော်မှန်းချက်တစ်ရပ်လည်း ဖြစ်သည်။

အလားတူ အနာဂတ်ကာလ၏ အာကာသဆိုင်ရာစီမံကိန်းများနှင့် နေစကြာဝဠာအဖွဲ့အအစည်းအတွင်း၌ လူသားတို့ အခြေချနေထိုင်နိုင်မည့် နယ်မြေသစ်ရှာဖွေချဲ့ထွင်ရေးလုပ်ငန်းစဉ်များ တစ်လျှောက်လုံးတွင်လည်း အလယ်အလတ်အဆင့် အဏုမြူပစ္စည်းများကိုလည်း ဓာတ်ရောင်ခြည်ပျံ့နှံ့မှုမရှိအောင် အဆင့်မြင့်နည်းလမ်းများဖြင့် ဖယ်ရှားစွန့်ပစ်နိုင်ပြီဖြစ်သည်။

သို့သော် အဆင့်မြင့်အဏုမြူနည်းပညာက ထက်ကြပ်မကွာ ယှဉ်တွဲလိုက်ပါဖြည့်ဆည်းနေရဦးမည် ဖြစ်သည်။

နေစကြာဝဠာအတွင်းသို့ နယ်မြေရှာဖွေချဲ့ထွင်ရေးသည် ကမ္ဘာ့လူသားတို့အတွက် အခြေချနေထိုင်ခွင့် ရရုံသက်သက်မျှသာ မဟုတ်ဘဲ နေစကြာဝဠာအတွင်းရှိ အခြားသော ဂြိုဟ်များဆီသို့ လည်းကောင်း၊ နေဝစကြာဝဠာ၏ ပြင်ပရှိ အခြားသော စကြာဝဠာများဆီသို့ လည်းကောင်း၊ အာကာသယာဉ်များ ပစ်လွှတ်ရာတွင်အထောက်အကူပြုနိုင်သော ကြားခံနယ်မြေစခန်းများအဖြစ် အသုံးချရန်လည်းဖြစ်သည်။

ထို့ပြင် အခြားသော ပြင်ပစကြာဝဠာများအတွင်းရှိ သိပ္ပံနှင့်နည်းပညာလွန်ကဲစွာ တိုးတက်ထွန်းကားသော ဂြိုဟ်များဆီက ကမ္ဘာ့လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ရန်မူတိုက်ခိုက်လာနိုင်သည့်အရေးကို ကြိုတင်မျှော်တွေးလျက် တုံ့ပြန်ချေမှုန်းရေး ရှေ့တန်းစခန်းအဖြစ် ကြားခံဂြိုဟ်များကို အသုံးပြုနိုင်ရေးသည်လည်း အနာဂတ်အာကာသစီမံကိန်းများ၏ ရည်မှန်းချက်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကြယ်တာရာစစ်ပွဲဟု ခေါ်ဆိုရမည်ဖြစ်သော စကြာဝဠာချင်းယှဉ်ပြိုင်တိုက်ခိုက်သည့် ဧရာမစစ်ပွဲကြီးမျိုး ဖြစ်ပွားလာခဲ့သည်ရှိသော်လည်း လက်ရှိအနေအထားအရ ထိရောက်စွာ တုံ့ပြန်ချေမှုန်းနိုင်မည့် တစ်ခုတည်းသောလက်နက်မှာ အဏုမြူလက်နက်များပင် ဖြစ်သည်။

ကမ္ဘာ့သိပ္ပံပညာရှင်တို့က လူသားများ ရှင်သန်ရပ်တည်နေထိုင်လျက်ရှိကြသည့် ဤစကြာဝဠာကြီးကဲ့သို့သော စကြာဝဠာအများအပြားမှာ ဗဟုစကြာဝဠာကြီးအတွင်း၌ တည်ရှိနေကြောင်းနှင့် အရေအတွက် မည်ရွေ့မည်မျှ ရှိနေသည်ကိုမူ စုံစမ်းထောက်လှမ်းဖော်ထုတ်ရန် မျက်မှောက်ကာလ၏ ခေတ်သစ်သိပ္ပံပညာရှင်ရပ်များက ဖြည့်ဆည်းပေးနိုင်သေးကြောင်း ဝန်ခံပြောဆိုခဲ့ပြီးဖြစ်သည့်အတွက် ကြယ်တာရာစစ်ပွဲများ ဖြစ်လာနိုင်သည့်အရေးကို ကြိုတင်မျှော်တွေးထားခြင်းသည် စိတ်ကူးယဉ်ဆန်သော ကိစ္စတစ်ရပ် မဟုတ်ပေ။

ဤမျှ အသုံးဝင်မှုအတိုင်းအတာ ကြီးမားကျယ်ပြန့်လှသော အဏုမြူနည်းပညာနှင့် လုပ်ငန်းစဉ်များသည် ပုံမှန်လုပ်ငန်းလည်ပတ်နေချိန်များတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသလောက် နည်းပါးလှသလို ဓာတ်ရောင်ခြည် သင့်ရောက်စေမှုမှာလည်း အန္တရာယ်ဖြစ်စေနိုင်လောက်သည့် အဆင့်မျိုးအထိ ရောက်ရှိနိုင်ရန် ခဲယဉ်းသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် အဏုမြူဓာတ်ပေါင်းဖို မတော်တဆဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့လျှင်မူ သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်ပျက်စီးစေမည်ဖြစ်သလို လူသားတို့အတွက်လည်း ကျန်းမာရေးအရ လက်ငင်းဆိုးကျိုးများ ထပ်ဆင့်ဆိုးကျိုးများ ကာလရှည်ဆိုးကျိုးသက်ရောက်မှုများနှင့် ဘဝတစ်သက်တာလုံး ပျော်ရွှင်မှု ဆိတ်သုဉ်းစေခြင်းမျိုးများကို ဧကန်မုချ ဖြစ်ပွားလာစေမည်ဖြစ်သည်။

အဏုမြူသိပ္ပံဆိုင်ရာ နယ်ပယ်တွင် စနစ်ကျသော ဘေးအန္တရာယ်တားဆီးရေး နည်းစနစ်များဖြင့် ယူနေရနီယံ သတ္တုမိုင်းများတွင် ဖြစ်ပေါ်လာနိုင်သော အဏုမြူရောင်ခြည်သင့်ရောက်မှုကို ကြိုတင်ကာကွယ်ထားနိုင်ပြီဖြစ်သလို အဆင့်နိမ့် အဏုမြူစွန့်ပစ်ပစ္စည်းများ အလယ်အလတ်အဆင့် အဏုမြူပစ္စည်းများကိုလည်း ဓာတ်ရောင်ခြည်ပျံ့နှံ့မှုမရှိအောင် အဆင့်မြင့်နည်းလမ်းများဖြင့် ဖယ်ရှားစွန့်ပစ်နိုင်ပြီဖြစ်သည်။

သို့သော် အဆင့်မြင့် အဏုမြူစွန့်ပစ်ပစ္စည်းမျာကို ရာသက်ပန်စိတ်ချလက်ချဖြစ်အောင် စနစ်တကျ ဖျက်ဆီးမြှုပ်နှံစွန့်ပစ်ခြင်း မပြုနိုင်သေးသည့်အတွက် ရာစုနှင့်ချီ၍ ကြာမြင့်ပြီးနောက် ပြန်လည်တူးဖော်မိပါက ကြီးမားသော ပမာဏဖြင့် ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် သင့်ရောက်ခြင်းကို ခံကြရလိမ့်ဦးမည်ဖြစ်သည်။ မျက်မှောက်ကာလ၏ ပြောင်းလဲတိုးတက်လာသော အဏုမြူနည်းပညာများသည် မတော်တဆဖြစ်ရပ်များ ဖြစ်ပွားလာမည့်အရေးကို အတိုင်းအတာတစ်ရပ်အထိ ကာကွယ်ထားနိုင်ပြီဖြစ်သော်လည်း အဏုမြူစွန့်ပစ်ပစ္စည်းများကို အနာဂတ်ကာလ၏ မျိုးဆက်သစ်လူသားတို့အတွက် ရာနှုန်းပြည့်ဘေးအန္တရာယ်ကင်းရှင်းအောင် ဖျက်ဆီးစွန့်ပစ်နိုင်ရေးသည်ကား ယနေ့ထိတိုင် ခေါင်းခဲစရာပုစ္ဆာတစ်ပုဒ်အဖြစ် ရှိနေဆဲပင်ဖြစ်သည်။



**အမေရိကန်ပြည်ထောင်စု နီဗာဒါးပြည်နယ် Yucca တောင်အောက်အနက် ငါးကီလိုမီတာတွင်ရှိသော အဏုမြူစွန့်ပစ်ပစ္စည်းများ သိုလှောင်ရာနေရာ။**

**အလယ်အလတ်အဆင့် အဏုမြူပစ္စည်းများကိုလည်း ဓာတ်ရောင်ခြည်ပျံ့နှံ့မှုမရှိအောင် အဆင့်မြင့်နည်းလမ်းများဖြင့် ဖယ်ရှားစွန့်ပစ်နိုင်ပြီဖြစ်သည်။ အဆင့်မြင့် အဏုမြူစွန့်ပစ်ပစ္စည်းများကိုမူ ရာသက်ပန်စိတ်ချလက်ချဖြစ်အောင် စနစ်တကျ ဖျက်ဆီးမြှုပ်နှံ စွန့်ပစ်ခြင်း မပြုနိုင်သေးသည့်အတွက် ရာစုနှင့်ချီ၍ ကြာမြင့်ပြီးနောက် ပြန်လည်တူးဖော်မိပါက ကြီးမားသောပမာဏဖြင့် ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် သင့်ရောက်ခြင်းကို ခံကြရလိမ့်ဦးမည်ဖြစ်သည်. . .**

# ကျေးရွာ ၃၄ ရွာသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျေးရွာ ၃၄ ရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းများအတွက် ရန်ပုံငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီများထံသို့ စက်တင်ဘာ ၂၈ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကိုတို့က အမှာစကားပြောကြားကာ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၃၄ ရွာအတွက် ရန်ပုံငွေ ကျပ်သိန်းပေါင်း ၁၀၂၀၀ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မော်ကျွန်းမြင့်အောင်**

# အာဆင်နယ်နဲ့ မန်ယူ ထိပ်တိုက်ဆုံမယ့် ပွဲစဉ်(၈)

မိုးမြင့်လင်းလက်



ဒီတစ်ပတ် ကြားရက်တွေမှာ ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့ ယူရိုပါလိဂ်ပွဲတွေကြောင့် ပင်ပန်းနေတဲ့ ဥရောပထိပ်တန်းကလပ်တွေအဖို့ လာမယ့်စနေ၊ တနင်္ဂနွေဖြစ်တဲ့ အောက်တိုဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ ဆက်လက်ဆင်နွှဲရဦးမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ် (၈) ကိုတော့ အောက်တိုဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ ကစားတဲ့အခါ အာဆင်နယ်နဲ့ မန်ယူ၊ အဲဗာတန်နဲ့ လီဗာပူးတို့ပွဲတွေ အပါအဝင် ထိပ်တန်း အသင်းတွေရဲ့ အားထုတ်မှုတွေကို မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

**အာဆင်နယ်နှင့် မန်ယူ**

မန်ယူကွင်းမှာ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲ ရလဒ်ကတော့ တစ်ဂိုးစီသရေ ဖြစ်ထားပါတယ်။ လက်ရှိအချိန်မှာ တန်းစီဇယားကို ဦးဆောင်နေတဲ့မန်ယူဟာ လက်ရှိအနေအထားကို တည်မြဲအောင် ဒီပွဲမှာ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ မန်ယူဟာ ဆောက်သမ်တန်၊ အစ်ဆွစ်နဲ့ ဆန်းဒါးလန်း အသင်းတွေကို ဆက်တိုက်အနိုင်ယူထားပြီး တိုက်စစ်ပိုင်းကလည်း တိုးတက်မှုရှိနေပါတယ်။ အာဆင်နယ်တို့ကလည်း လက်စတာနဲ့ စပါးကို နိုင်ပွဲတွေရယူခဲ့တာမို့ နှစ်သင်းစလုံးအတွက် အမှတ်ရရှိရေး အစွမ်းကုန် ဆင်နွှဲပါလိမ့်မယ်။ တိုက်စစ်ရော၊ ခံစစ်ပါ ဟန်ချက်ညီနေတဲ့ ဒီနှစ်သင်းမှာ အိမ်ရှင်တို့ အားသာချက်ရှိသွားနိုင်ပါတယ်။

**အဲဗာတန်နှင့် လီဗာပူး**

အဲဗာတန်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ပွဲရလဒ်ကို ကြည့်ရင် လီဗာပူးတို့ ဂိုးမရှိ သရေပွဲဖြစ်ထားပါတယ်။ သရေပွဲတွေများနေတာကို အဆုံးသတ်ပြီး ဗီလာနဲ့ပွဲမှာ နိုင်ပွဲပြန်ရထားတဲ့ လီဗာပူးဟာ အခုတစ်လောနိုင်ပွဲတွေ ဆက်နေတဲ့ အဲဗာတန်ကို အဝေးကွင်းမှာ ခက်ခဲပါလိမ့်မယ်။ အဲဗာတန်တို့က ခံစစ်ပိုင်းအားနည်းချက်ကို မပြုပြင်ရင် လီဗာပူးတို့ အခြေအနေကောင်းနိုင်ပေမယ့် လက်ရှိနှစ်သင်းစလုံး ခြေစွမ်းအရရော၊ နိုင်ပွဲလိုအပ်မှု ပြင်းပြနေမှုရော ကြည့်ရင် လီဗာပူးတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဆွမ်ဆီးနှင့် စပါး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် စပါးကွင်းမှာ ဆွမ်ဆီးတို့ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးထားခဲ့ပါတယ်။ လက်ရှိအနေအထားမှာလည်း ရှုံးပွဲတွေဆက်နေတဲ့ ဆွမ်ဆီးဟာ မန်စီးတီးလိုအသင်းကို အနိုင်ကစားထားတဲ့ စပါးကို ကျော်လွှားဖို့မလွယ်ပါဘူး။ ဒီပွဲမှာ စပါးတို့ နိုင်ပွဲရနိုင်ပြီး အိမ်ရှင် ဆွမ်ဆီးတို့ ကံကောင်းမှ တစ်မှတ်ရနိုင်မယ့် အနေအထားပါပဲ။

**မန်စီးတီးနှင့် နယူးကာဆယ်**

စပါးကို ရှုံးပွဲကြုံပြီး တန်းစီဇယားထိပ်ဆုံးနေရာကို ဖယ်ပေးလိုက်ရတဲ့ မန်စီးတီးတို့ဟာ အခုပွဲကို မဖြစ်မနေအနိုင်ကစားတော့မှာ ဖြစ်ပါတယ်။ ခြေစွမ်းမတည်မငြိမ်ဖြစ်လာတဲ့ မန်စီးတီးဟာ ရလဒ်တွေ ဆိုးရွားနေတဲ့ နယူးကာဆယ်ကို အမှတ်ခွဲပေးမှာ မဟုတ်သလို နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်လိုပဲ နယူးကာဆယ်ကို ဂိုးပြတ်သွင်းအောင်ပွဲခံပါလိမ့်မယ်။

**ချယ်လ်ဆီးနှင့် ဆောက်သမ်တန်**

နယူးကာဆယ်ကို နှစ်ဂိုးစီသရေကစားခဲ့တာမို့ နိုင်ပွဲတွေ တန့်သွားတဲ့ ချယ်လ်ဆီးတို့ဟာ ခြေစွမ်းမာကျောတဲ့ ဆောက်သမ်တန်နဲ့ ရင်ဆိုင်ရမှာမို့ ပွဲမချောင်ပါဘူး။ ချယ်လ်ဆီးကွင်းမှာ ဆောက်သမ်တန်ကို နောက်ဆုံးလက်ခံကစားခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကို သတိပြုပြီး ချယ်လ်ဆီးတို့ ပြင်ဆင်မှ ရပါလိမ့်မယ်။ အိမ်ရှင်တို့ အနိုင်ရနိုင်ပေမယ့် ခြေပြန်တက်လာတဲ့ ဆောက်သမ်တန်ကြောင့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဆန်ဒါးလန်းနှင့် ဝက်စ်ဟမ်း**

အခုတစ်လော သရေပွဲ၊ ရှုံးပွဲတွေ ဖြစ်လာတဲ့ ဝက်စ်ဟမ်းဟာ အခုပွဲ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရအောင် ပြန်ရှာဖွေပါတော့မယ်။ အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီးတို့နဲ့ ဆက်တိုက် ကြုံတွေ့ပြီး ရှုံးပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ဆန်းဒါးလန်းအတွက်တော့အခုပွဲဟာလည်းပွဲမချောင်ပါဘူး။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာကြောင့် အခုပွဲမှာလည်း ဝက်စ်ဟမ်းတို့ပဲ အမှတ်ပြည့် ယူသွားဦးမှာပါ။

**နော့ဝှစ်ချ်နှင့် လက်စတာ**

အာဆင်နယ်ကို ဂိုးပြတ်ရှုံးခဲ့လို့ ရှုံးပွဲအရသာကို ထိတွေ့ခံစားလိုက်ရတဲ့ လက်စတာအတွက် နော့ဝှစ်ချ်ကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ နော့ဝှစ်ချ်ဟာ ခြေမှန်တဲ့အသင်းဖြစ်ပြီး လက်စတာကို အနိမ့်ဆုံး သရေပွဲရအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ လက်စတာတို့ကတော့ နိုင်ပွဲရအောင် ကြိုးစားလာမှာဖြစ်ပေမယ့် အပြည့်အဝ ပျော်နိုင်မှာတော့ မဟုတ်ပါဘူး။

**ဗီလာနှင့် စတုတ်**

ဗီလာကွင်းမှာ နောက်ဆုံး ကစားခဲ့တဲ့ ပွဲရလဒ်ကို ကြည့်ရင် စတုတ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ ရှုံးပွဲတွေများနေတဲ့ ဗီလာကို နိုင်ပွဲတွေ ဆက်နေတဲ့ စတုတ်တို့ဟာ ဂိုးမပြတ်နိုင်ပေမယ့် ကျော်ဖြတ်သွားမှာပါ။ ခံစစ်ပိုင်းကောင်းမွန်တဲ့ စတုတ်ကို ဗီလာတိုက်စစ်မှူးတွေ ဂိုးရဖို့ ခက်ခဲပါလိမ့်မယ်။

**ဘုန်းမောက်နှင့် ဝက်ဖို့ဒ်**

နှစ်သင်းစလုံး ခြေရည်တူကြတာမို့ အခုပွဲမှာ အနိုင်ရလဒ်ကို အပြိုင်ပုံဖော်ကြပါလိမ့်မယ်။ ဘုန်းမောက်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ပွဲမှာ ဝက်ဖို့ဒ်တို့ နှစ်ဂိုးပြတ်ရှုံးထားခဲ့ပါတယ်။ အခုပွဲမှာ ဘုန်းမောက်တို့က အိမ်ကွင်းလည်းဖြစ်တဲ့အပြင် နိုင်ပွဲလည်း ရအောင် ဖော်ထုတ်မှာမို့ ဝက်ဖို့ဒ်တို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ ဒီပွဲရလဒ်က နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းအရ သရေပွဲလည်း ဖြစ်ပေါ်နိုင်ပါတယ်။



## အဆုံးသတ်သေချာတယ်ဆိုတဲ့ စတာရစ်

ပရီမီယာလိဂ်မှာ စတာရစ်ထက် အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးဆိုတာ မန်စီးတီးက အဂူရိုတစ်ယောက်ပဲရှိတယ်လို့ လီဗာပူး နောက်တန်းကစားသမားဟောင်း ကာရေဂါက ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ လီဗာပူးနဲ့ အက်စ်တွန် ဗီလာတို့ ကစားခဲ့တဲ့ပွဲမှာ လီဗာပူးက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ စတာရစ်က အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အသက် ၂၆ နှစ်အရွယ် စတာရစ်ဟာ ဒဏ်ရာရပြီးနောက် ပြန်လည်ကစားရာမှာ ခြေစွမ်းပြကစားခဲ့တာ ဖြစ်ပါတယ်။ စတာရစ်ရဲ့ ဂိုးသွင်းအောင်ပွဲခံမှုကို ၁၉၉၆ မှ ၂၀၁၃ ခုနှစ်အထိ လီဗာပူးမှာ ကစားခဲ့တဲ့ ကာရေဂါက ချီးကျူးပြောဆိုခဲ့ပါတယ်။ စတာရစ်ထက် အဆုံးသတ်သေချာတဲ့ ကစားသမားဆိုတာ ပရီမီယာလိဂ်မှာ အဂူရိုတစ်ယောက်ပဲရှိတယ်လို့ ဆိုပါတယ်။ စတာရစ်ဟာ သူ့အတွက်တော့ အကောင်းဆုံး ကစားသမားပါပဲလို့ ကာရေဂါက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ စတာရစ် ခြေစွမ်းပြကစားလာနိုင်တဲ့အတွက် လီဗာပူးအသင်းဟာလည်း ပရီမီယာလိဂ်မှာ ထိပ်ပိုင်းအသင်းအဖြစ် ဆက်လက်ရှိနေမှာဖြစ်တယ်လို့ ဆိုပါတယ်။

## ဖီဖာ ဥက္ကဋ္ဌအဖြစ် ဆက်လက်ရှိနေမယ့် ဆပ်ဘလတ္တာ

ဆပ်ဘလတ္တာက သူ့အနေဖြင့် စုံစမ်းစစ်ဆေးမှုတွေရဲ့ မှုခင်းဆိုင်ရာ စစ်ဆေးမှုတွေကို ရင်ဆိုင်နေရပေမယ့် ဖီဖာဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးမှာ မဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ အသက် ၇၉ နှစ်အရွယ်ရှိတဲ့ ဆပ်ဘလတ္တာဟာ ဖီဖာဥက္ကဋ္ဌအဖြစ် ရေပန်းစားမှု နည်းပါးနေတဲ့အတွက် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီကို ရာထူးလွှဲပြောင်းပေးရဖွယ် ရှိနေပါတယ်။ ဘလတ္တာက ၂၀၁၆ ဖေဖော်ဝါရီလမှာ ရာထူးက ဆင်းမယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာ ဆွမ်ဇာလန်ရဲတပ်ဖွဲ့က လာဘ်စားမှုနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုကို ခံနေရပါတယ်။ ဒီလို စစ်ဆေးမှုတွေ ရင်ဆိုင်နေရပေမယ့် ဖီဖာဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ အသက် ၆၀ အရွယ်ရှိပြီဖြစ်တဲ့ ပလာတီနီက ယူအီးအက်ဖ်အေအဖွဲ့ဝင်တွေကို အမှားတစ်ခုခု မလုပ်မိကြဖို့ စာရေးသားအကြောင်း ကြားခဲ့ပါတယ်။ ယူအီးအက်ဖ်အေအကြီးအကဲ ပလာတီနီကို ၂၀၁၁ ခုနှစ်က ပေါင် ၁ ဒသမ ၅ သန်းပေးခဲ့ရတယ်လို့ ဘလတ္တာရဲ့ ရှေ့နေတွေရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ၁၉၉၉နဲ့ ၂၀၀၂ ခုနှစ်ကြား ဘလတ္တာရဲ့ နည်းစနစ် ပိုင်းဆိုင်ရာ အကြံပေးဖြစ်ဖို့အတွက် အဆိုပါ ငွေကြေးကို ပလာတီနီကို ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ ယခုအခါမှာတော့ ဘလတ္တာနဲ့ ပလာတီနီတို့နှစ်ဦးစလုံး ဖီဖာရဲ့ စုံစမ်းစစ်ဆေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

## အကောင်းဆုံး ကွင်းလယ်ကစားသမား မဟုတ်တော့တဲ့ ယာယာတိုရေး



ယာယာတိုရေးဟာ ပရီမီယာလိဂ်မှာတော့ အကောင်းဆုံး ကွင်းလယ်ကစားသမား တစ်ဦးပါ။ သို့ပေမယ့် ပြီးခဲ့တဲ့ သုံးပတ်လောက်မှာတော့ တိုရေးဟာ အကောင်းဆုံး ကွင်းလယ်ကစားသမား မဟုတ်တော့ဘူးလို့ ဂါရီနဗီးလ်က ပြောဆိုလိုက်ပါတယ်။ နဗီးလ်က မန်စီးတီးနည်းပြ ပယ်ရီဂရင်းနီက တိုရေးကို ထည့်သွင်းကစားဖို့ သုံးကြိမ်တိုင် ဆုံးဖြတ်ချက်ချခဲ့ရခြင်းကို မေးခွန်းထုတ်ခဲ့ပါတယ်။ စပါးကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ မန်စီးတီးအတွက် တိုရေးခြေစွမ်းကို လုံးဝမတွေ့ရဘူးလို့ နဗီးလ်ကဆိုပါတယ်။ တိုရေးဟာ အရည်အချင်းပြည့်ဝတဲ့ ကွင်းလယ်ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ သုံးပွဲမှာတော့ တိုရေးရဲ့ ခြေစွမ်းဟာ တော်တော်လေး ကျဆင်းသွားတာ တွေ့ရတယ်လို့ ဆိုပါတယ်။ တိုရေးရဲ့ ခြေစွမ်း ပျောက်ဆုံးနေတာ တွေ့ရပါတယ်။

ကောင်းမြတ်သူ ➢ စုစည်းသည်။

# ပုဂံမနူဟာဘုရားပွဲတော်၌ အရုပ်သွန်းနှင့် ငွေသွန်းလှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများချီးမြှင့်

**ညောင်ဦး စက်တင်ဘာ ၃၀**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသ မနူဟာဘုရား ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ရိုးရာမပျက် အရုပ်သွန်းများလှည့်လည်သည့် အဖွဲ့များနှင့် ငွေသွန်းလောင်းလှူပွဲ လှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲကို မနူဟာဘုရားကြီး ရင်ပြင်တော်ယာယီမဏ္ဍပ်၌ စက်တင်ဘာ ၂၉ရက်က ကျင်းပခဲ့သည်။

ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဒေသဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအထူးစိတ်ဝင်စားသည့် ဒေသဖြစ်သောကြောင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရိုးရာအစဉ်အလာများဖြစ်သည့် အရုပ်သွန်းဖြင့် လှည့်လည်ပူဇော်သည့်အဖွဲ့များနှင့် ငွေသွန်းလောင်းလှည့်လည်သည့်အဖွဲ့များ တိမ်ကောပပျောက်မသွားစေရန်၊ မြန်မာ့အရုပ်ချိုးပညာတီထွင်ဖန်တီး တိုးတက်ကောင်းမွန်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့တို့ကို ကမ္ဘာမှသိစေရန် ရည်ရွယ်ချက်များဖြင့် ဂုဏ်ပြုဆုများချီးမြှင့်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်နိုင်ရန်အတွက် ဘုရားပွဲတော်တွင် လှည့်လည်ပူဇော်ရာတွင်ပါဝင်သည့် အရုပ်သွန်းအဖွဲ့များမှ ဆန်ခါတင်အဖွဲ့ငါးဖွဲ့ကို ရွေးချယ်ခဲ့ပြီး အရုပ်သွန်းများအပေါ် ဝေဖန်သုံးသပ် အမှတ်ပေးရခြင်းများနှင့်ပတ်သက်၍ အကဲဖြတ်အမှတ်ပေးဒိုင်များကိုယ်စား ဒိုင်အဖွဲ့ဝင် ပန်းချီဦးလှထွန်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက ငွေသွန်းလောင်းလှည့်လည်သည့် အဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပက်သက်၍ ရှင်းလင်းပြောကြားပြီး မနူဟာဘုရားဂေါပကအဖွဲ့က ဘုရားပွဲတော်တွင် အရုပ်သွန်းလှည့်လည်ပွဲများ ပိုမိုစည်ကားစွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက မနူဟာဘုရားပွဲတော်တွင် ရိုးရာအစဉ်အလာမပျက် လှည့်လည်ပူဇော်သည့် အရုပ်သွန်းအဖွဲ့များမှ ဆန်ခါတင်အဖွဲ့ ငါးဖွဲ့အား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ငွေသွန်းလောင်းလှူပွဲတွင် လှည့်လည်သည့်အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

**ရဲသူရအောင် (ညောင်ဦး)**



# လမ်းဘေးရပ်ထားသည့် ထရပ်ကားကို ဆိုင်ကယ်ဖြင့်တိုက်၍ တစ်ဦးသေဆုံး

**ကော့သောင်း စက်တင်ဘာ ၃၀**

ကော့သောင်းမြို့ ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်း မိုင်တိုင်အမှတ်(၂၂၆/၅) ၁၀ မိုင်ကျေးရွာအနီးတွင် လမ်းဘေးချရပ်ထားသည့် မော်တော်ယာဉ်အား အရှိန်ပြင်းပြင်းမောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးက နောက်မှဝင်တိုက်သဖြင့် ဆိုင်ကယ်မောင်းလာသူ သေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ယာဉ်မောင်း ဦးအဝမ်း မောင်းနှင်သည့် တိုယိုတာအမျိုးအစား ထရပ်ကားသည် ယာဉ်စက်ချွတ်ယွင်းသဖြင့် ၁၀မိုင်ကျေးရွာအနီး လမ်းဘေးချရပ်နားထားစဉ် (၁၀)မိုင်ကျေးရွာနေ အငယ်လေး(ခ)သီဟတင်စိုး(၁၉ နှစ်) မောင်းနှင်လာပြီး ငဖား(ခေါ်) နိုင်နိုင်ဝင်း(၂၀ နှစ်)လိုက်ပါလာသည့် ဆိုင်ကယ်က အရှိန်ပြင်းစွာမောင်းနှင်လာပြီး မိုးရွာသွန်းထားသဖြင့် အရှိန်မထိန်းနိုင်ဖြစ်ကာ ထရပ်ကားနောက်ပိုင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ကယ်ပေါ်ပါသူ အငယ်လေးနှင့် နိုင်နိုင်ဝင်းမှာ ပြင်းထန်စွာဒဏ်ရာရရှိသဖြင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကျေးရွာတာဝန်ရှိသူများက ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ပေးခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ အငယ်လေးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကော့သောင်းမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့စုက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပုလဲ စက်တင်ဘာ ၃၀**

ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲပေးမှုအဆင်ပြေစေရေးအတွက် အသက် ၁၈ နှစ်ပြည့်ပြီးနိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများနှင့် အိမ်ထောင်စုစာရင်း လက်ဝယ်မရှိသေးသည့် ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက လိုက်လံကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၅၉ စုသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ခင်အေးကျေးရွာနှင့် ကံကြီးကျေးရွာများသို့ စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း၍ ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ဒေသခံပြည်သူ ၇၀ အတွက်ကတ်ပြားများထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့်ရရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အထူးစီမံချက် အပိုင်း(၂)အရ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာအုပ်စု ၁၆ စုရှိ ကျေးရွာများအရောက် ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ၆၀၇ ဦးနှင့် လူဦးရေအိမ်ထောင်စုစာရင်းမရှိသည့် အိမ်ထောင်စု ၇၉ စုကို နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသော ကျေးရွာအုပ်စုများသို့လည်း အရှိန်တိုးမြှင့်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**ဘုတ်ပြင်း စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ဘန်ဂလားကျေးရွာအုပ်စု၌ ကျေးလက်ပြည်သူများ အတွက် တန်ဖိုးနည်းလုံးချင်း အိမ်ရာများကို



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်း ပြီးစီးမှုအခြေအနေကို စက်တင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဘန်ဂလားကျေးရွာအုပ်စု ထောင်ခေါ်ကျေးရွာ၌ ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံ ငွေကျပ်သန်း ၃၀ ဖြင့် တန်ဖိုးနည်းအိမ်ရာ ၁၀ လုံးကို Tharithory Three Star ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးနေခြင်းဖြစ်ရာ လုပ်ငန်းများ ပြီးစီးမှုအခြေအနေကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဟောပြော

**မြင်းခြံ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အင်းရွာနေ (ဦးခင်စိန်-ဒေါ်အေးသင်)တို့၏သမီး၊ ဦးဇော်ဝင်း(ရတနာစိန်ပွဲရုံ၊ ဘုရင့်နောင်)-ဒေါ်ခင်အေးမြင့်၊ ဦးကျော်ဆန်း-ဒေါ်ထွေးထွေးမြင့်(မ/၆၊ မူလွန်တောင်ဒဂုံ)၊ ဦးဝိသုဒ္ဓိ(ဇာလီ)တို့၏ညီမ၊ ဦးအာစ် (King King Clinic) ၏အစ်မ၊ ဦးတင်ဝင်း၏ဇနီး၊ မောင်စောမျိုး-မထက်ထက်ဝေ၊ မဟာသ်ကိုတို့၏မိခင်သည် ၃၀-၉-၂၀၁၅ရက် နံနက် ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Tang Kap Sian Khai Samte Beh

**အသက်(၂၇)နှစ်**

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ တွေးတုမ်းရွာနေ U Pan Khan Thang-Daw Don Lian Cing တို့၏တတိယမြောက်သား၊ Lia, Nuam Man Cing, SMVTI ရန်ကုန် Tang Vung King Mang (ခေတ္တ-မလေးရှား)တို့၏ညီ၊ မောင် Lia Niang Theih Kim, TNS Executive ရန်ကုန်၊ Tang Pau Mun Lian (Amarapura Construction) ရန်ကုန်တို့၏အစ်ကိုသည် ၂၈-၉-၂၀၁၅ရက်တွင် အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုးပြည်နယ်၊ ကိုလံဘိုမြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ TBC-Y ဘုရားကျောင်း၌ အောက်မေ့ဖွယ်အခမ်းအနားပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တနန္ဒိယ (တပူထို)

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ တပူထိုကျေးရွာ တပူထိုကျောင်းကြီး ပဓာနနာယက ဆရာတော် မဟာသဒ္ဓမဇောတိကဓဇ ဘဒ္ဒန္တနန္ဒိယသည်(၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်၊ ၁၀ရက်) ၅-၆-၁၂-၂၀၁၅ရက်(စနေနေ့) (တနင်္ဂနွေနေ့)တို့တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ
တပူထိုကျေးရွာ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြသန်း

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၆၄(မြေညီခေါင်းရင်းခန်း)နေ (ဦးအပ္ပရာဆွာမိ-ဒေါ်မြစိန်)တို့၏သား၊ ဒေါ်ငွေမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မနီလာသန်း၊ ကိုဆန်းသိန်း-မလဲ့လဲ့ခိုင်တို့၏ဖခင်၊ မောင်သီဟဇော်၊ သော်ဇင်ဟိန်းသန့်တို့၏အဘိုးသည် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့)ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးစိုးသိန်း(ငြိမ်း) D.S.A (14)

**အထွေထွေမန်နေဂျာ၊ စက်မှု(၁) (ငြိမ်း)**

**စက်မှုဝန်ထမ်းဟောင်းအသင်းဝင်အမှတ်-၂၆၃၆**

**အသက်(၆၄)နှစ်**

ဇီးကုန်းမြို့နေ (ဦးသိန်းရွှေ-ဒေါ်မြရင်)တို့၏သား၊ ကော့ကရိတ်မြို့နေ (ဦးစင်းဟုတ်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၁၇၂(လေးလွှာ)နေ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ ဦးစိုးကိုကို-ဒေါ်ဆုမိလတ်၊ ဦးဘုန်းကျော်စိုးတို့၏ဖခင်သည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးအောင်မြင့်

**(လ/ထ မန်နေဂျာ၊ CB BANK)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ (လေးလွှာ)၊ အမှတ် ၆၂နေ ဦးအောင်မြင့်(လ/ထ မန်နေဂျာ၊ CB BANK) သည် ၇-၉-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးဇော်မြင့်ဦး (ဦးစီးအရာရှိ)

**မြို့နယ်အခွန်ဦးစီးဌာနမှူး၊ အောင်လံမြို့**

**အသက်(၅၆)နှစ်**

ဦးဇော်မြင့်ဦး(ဦးစီးအရာရှိ)၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၅-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့်**
**မကွေးတိုင်းဒေသကြီးအတွင်းရှိဝန်ထမ်းမိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင်သန်း

**(ယာဉ်မောင်း-CB BANK)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ သုံးလွှာ၊ အမှတ် ၄၀၅နေ ဦးမောင်မောင်သန်း(ယာဉ်မောင်း-CB BANK) သည် ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK မိသားစု**

---

## ဒေါ်အေးနွဲ့ကြည်

**အသက်(၄၀)**

ရန်ကုန်မြို့၊ အမှတ် ၁၆၉/၁၇၁၊ ၃၄လမ်းနေ ဦးအောင်တင့်(အငြိမ်းစား လက်ထောက်တိုင်းပညာရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး)-ဒေါ်ခင်ထားကြည်(အငြိမ်းစား အထက်တန်းပြဆရာမ)တို့၏သမီး၊ ပုသိမ်မြို့နေ ဦးဘတင်-(ဒေါ်ရင်ရွှေ)တို့၏သမီးချွေးမ၊ ဗိုလ်မှူးမောင်မောင် (နှလုံးခွဲစိတ်ဌာန၊ မင်္ဂလာဒုံ တပ်မတော်ဆေးရုံ)-ဒေါက်တာဝင်းလဲ့ကြည် (မေ့ဆေးအထူးကု၊ ခုတင်-၅၀၀ ဆံ့ အထူးကုဆေးရုံ)တို့၏ညီမ၊ ဒေါက်တာသိန်းထွဋ်၏ဇနီး၊ မစံရတီထွဋ်၏မိခင်သည် ၃၀-၉-၂၀၁၅ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုးများကျရောက်မှုမှ ကာကွယ်နိုင်မည့် မူဝါဒများချမှတ်ရန်လိုအပ်

စာမျက်နှာ-၅



# အိမ်ရှင်မြန်မာအသင်းပွဲဦးထွက် ဂိုးပြတ်အနိုင်ရ

သတင်း
ညီမြတ်သော်တာ
ဓာတ်ပုံ
ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်းမှာ ဘရူနိုင်းအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ကွင်းပိတ်ပြစ်ဒဏ်ကြောင့် အိမ်ရှင်မြန်မာအသင်းမှာ ယခုပွဲကို ပရိသတ်မပါဘဲ ကစားခဲ့ရသော်လည်း အများအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ မိနစ် ၉၀ အပြည့်နီးပါး ခြေအသာဖြင့် ဖိကစားကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘရူနိုင်းအသင်းမှာ နှစ်ပွဲဆက် လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးလွန်စွာနည်းသွားပြီဖြစ်သည်။ မြန်မာအသင်းမှာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲထက် ကစားပုံ ပိုမိုကောင်းမွန်လာပြီး ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ●

## ထိပ်ဆုံးမှ ရန်ကုန်အသင်း အပါအဝင် တန်းဆင်းဇုန်မှ ဇွဲကပင်နှင့်ရခိုင်တို့ အနိုင်ရ

သတင်း-ရဲရင့်ရှိုင်း

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်သည့်ပွဲတွင် အိမ်ရှင်ရန်ကုန်အသင်းက ကမ္ဘောဇအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်အသင်းမှာ အိမ်ကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားမှုကို အဆုံးသတ်ကာ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ရောက်ရှိသွားပြီဖြစ်သည်။ ဇွဲကပင်အသင်းကို ရှုံးနိမ့်ထားသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည်။ ရန်ကုန်အသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် အမှတ်ဖြတ်ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားလာသော်လည်း ပထမပိုင်း ကစားပုံမှာ အားရဖွယ်ရာမရှိပေ။ အိမ်ရှင်ရန်ကုန်အသင်းမှာ ဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့်ဖိအားပေးမှုမပြုလုပ်နိုင်ခဲ့ပေ။ ၁၅ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကို၏

စာမျက်နှာ ၁၄ ကော်လံ ၄ ❖

## ယနေ့ ဖတ်စရာ

### အလုံး ၂၀ မြောက် ဂြိုဟ်တု တရုတ်လွှတ်တင်

စာမျက်နှာ » ၄

### အမြန်လမ်းမကြီး၌ ခရီးသည်တင်ယာဉ်အား လေးခွနှင့် ပစ်ခတ်သူကို ဖမ်းဆီး

စာမျက်နှာ » ၁၃


## စပိန်အသင်းများ အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲများ

သီဟ-ရေးသည်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်း အဆင့် အုပ်စု ဒုတိယပွဲစဉ်များကို စက်တင်ဘာ ၃၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု(င)မှ ဘာစီလိုနာနှင့် လေဗာကူဆင်ပွဲစဉ်တွင် အိမ်ရှင်ဘာစီလိုနာအသင်း နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းတွင် မက်ဆီနှင့် ရာဖင်ဟာတို့ ဒဏ်ရာရရှိခဲ့၍ မပါဝင်ခဲ့ပေ။ ဘာစီလိုနာအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာပြီး တိုက်စစ်မှူး မက်ဆီနေရာတွင် ဆန်ဒရိုရာမီရက်ဇ်ကို အစားထိုးကာ ဆွာရက်ဇ်၊ နေမာတို့နှင့် တွဲကစားခဲ့သည်။ ပွဲချိန် ၂၂ မိနစ်တွင်

စာမျက်နှာ ၁၄ ကော်လံ ၁ ❋






Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905


မြန်မာ့အလင်း mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ



## ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သူများ

ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသည့် -

၁။ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ

၂။ ကျောင်းသားများ

၃။ သင်တန်းသားများ

၄။ အခြားမဲဆန္ဒရှင်များ

ရွေးကောက်ပွဲကျင်းပရန် **၃၈** ရက်သာလိုတော့သည်။




## မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။

- ဆန္ဒပြုရာတွင် အမှန် (✓) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။



သစ်သီးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးက မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင် အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ် ----------
အမည် ---- သစ်တော်သီး ----

သစ်သီးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးက မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင် အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။ UEC

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ် ----------
အမည် ---- သစ်တော်သီး ----

### ဒါတွေလုပ်ပါ

- ကိုယ် မဲပေးရွေးချယ်ရမယ့် ကိုယ်စားလှယ်လောင်းများစာရင်းကို ကြိုတင်သွားကြည့်ပါ။



မဲဆန္ဒရှင်သက်သေခံလက်မှတ်

------------မြို့နယ်၊--------------ရပ်ကွက်/ကျေးရွာအုပ်စု

မဲရုံအမှတ် ------------ ၊ မဲစာရင်းအမှတ်စဉ် (         )

အမည်၊ -------------------- ၊ ကျား/မ၊ --------------

မွေးသက္ကရာဇ်၊ ----------------------------------------

မှတ်ပုံတင်အမှတ်၊ ------------------------------------

အဘအမည်၊--------------- ၊အမိအမည်၊ ------------------

နေရပ်လိပ်စာ၊ ----------------------------------------

တာဝန်ခံလက်မှတ်၊ ------------------

ရုံးတံဆိပ်

သတိပြုရန်

၁။ မဲပေးရန်လာရောက်သည့်အခါ ဤလက်မှတ်ကိုယူဆောင်လာပါ။

၂။ ဤလက်မှတ်ကိုပေးအပ်၍ မဲလက်မှတ်ထုတ်ယူပါ။

၃။ ရှေ့စာမျက်နှာတွင် ဖော်ပြထားသည့် မိမိအမည်/အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ပေးရန် မဲရုံမှူးအား အသိပေးပြောကြားပါ။

## မဲရုံလုပ်ငန်းကိစ္စရပ်ဆိုင်ရာများ အစည်းအဝေးကျင်းပ

**မန္တလေး   စက်တင်ဘာ   ၃၀**

မန္တလေးအောင်မြေသာစံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း  အောင်ရာဇာခန်းမ၌ စက်တင်ဘာ ၂၉ ရက်က မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၏ မဲရုံလုပ်ငန်းကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင်  အောင်မြေသာစံမြို့နယ် တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးကျော်ကျော်မွန်နှင့် မဲရုံမှူး ၊ ဒုမဲရုံမှူးတာဝန်ကို ထမ်းဆောင်ကြမည့်  ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၁၅၆ ဦးတက်ရောက်ကြသည်။ အစည်းအဝေးတွင်  တာဝန်ခံမြို့နယ် ပညာရေးမှူးက အမှာစကား ပြောကြားရာတွင်  မဲရုံလုပ်ငန်းဆိုင်ရာကိစ္စရပ်များသည် အရေးကြီးသည့်အတွက်  တာဝန်ထမ်းဆောင်ကြရမည့် ဆရာ၊ ဆရာမများအနေဖြင့် လုပ်ငန်းတာဝန်များကိုလည်း အသေးစိတ်သိရှိနားလည်ထားရန်လိုအပ်ကြောင်းနှင့် မဲရုံလုပ်ငန်းကိစ္စရပ်များကို  အသေးစိတ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စိုးဝင်းဗိုလ်(အရာတော်)**

# ခူမီး(ခမီး)အမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

**ခူမီး(ခမီး)အမျိုးသားပါတီဥက္ကဋ္ဌ ဦးကျော်ထွန်းက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၃၀ ရက်ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပြည်ထောင်စုတိုင်းရင်းသား မဲဆန္ဒရှင်များခင်ဗျား-**

ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် ပလက်ဝမြို့မှာအခြေစိုက်ဖွင့်လှစ်ထားတဲ့ ခူမီး(ခမီး)အမျိုးသားပါတီဥက္ကဋ္ဌ အရိုင်ဆိုရိုဒ် ဦးကျော်ထွန်းဖြစ်ပါတယ်။ (ပါတီမူဝါဒ လုပ်ငန်းစဉ်ကိုမတင်ပြမီ ခူမီးတိုင်းရင်းသားလူမျိုးရဲ့သမိုင်းကြောင်းကို ဦးစွာအကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။)

ခူမီးတိုင်းရင်းသားတွေဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက်မကျရောက်မီ ရှည်ကြာသောသမိုင်းကာလအတွင်း ခူမီးလူမျိုး၊ မျိုးနွယ်စုအကြီးအကဲဖြစ်သော အရိုင်တို့က မိမိတို့မျိုးနွယ်စုအလိုက် လွတ်လပ်စွာစီမံအုပ်ချုပ်ခဲ့ကြပါတယ်။ ခူမီးလူ့အဖွဲ့အစည်းတစ်ခုလုံးနှင့်ဆိုင်သော အရေးအရာများကို မျိုးနွယ်စုအကြီးအကဲ အရိုင်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ခူမီးလူမျိုးတို့၏ လွတ်လပ်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ၁၉၁၆ ခုနှစ်အထိတည်ရှိခဲ့ပါတယ်။ ၁၈၂၆ ခုနှစ်အလွန်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ရခိုင်မှတစ်ဆင့်ခူမီးဒေသကို တိုက်ခိုက်ခဲ့ပါတယ်။ ခူမီးတိုင်းရင်းသားတို့၏ ခုခံတိုက်ခိုက်မှုကြောင့် အလွယ်တကူသိမ်းပိုက်နိုင်ခြင်းမရှိဘဲ (၁၈၇၆)တွင် စတုရန်းမိုင် ၁၅၀၀ ကိုသာသိမ်းနိုင်ခဲ့ပြီး ၁၉၀၇ တွင် စတုရန်းမိုင် ၂၀၀၀ အထိသာ သိမ်းနိုင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်ရောက်မှ ခူမီးနယ်မြေတစ်ခုလုံး ၃၁၇၆ စတုရန်းမိုင်ကိုသိမ်းနိုင်ခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ခူမီးဒေသကို မြောက်ပိုင်းရခိုင်တောင်တန်းခရိုင်အမည်ဖြင့် အုပ်ချုပ်စီမံခဲ့ပါတယ်။ ၁၈၇၀ ခုနှစ် စတက်ကျူအရဥပဒေပြုအာဏာလုပ်ပိုင်ခွင့်အတွင်းထည့်သွင်းကာ ရခိုင်တောင်တန်းတရာမဥပဒေ(၁၈၇၄)နှင့် ရခိုင်တောင်တန်းစည်းမျဉ်းဥပဒေ ၁၉၁၆ တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ တောင်တန်းဒေသ အပိုင်း(၁) နယ်မြေ(၁၀)ခုတွင် ပါဝင်သော နယ်မြေတစ်ခုဖြစ်ပါတယ်။ ၁၉၄၇ ပင်လုံစာချုပ်အပြီးတွင် တောင်တန်းဒေသစုံစမ်းရေးကော်မတီ၏ မေးမြန်းချက်နှင့်ပတ်သက်၍ ချင်းတောင်တန်းခရိုင်မှ ခေါင်းဆောင်များနှင့် ရခိုင်တောင်တန်းခရိုင်မှ ခေါင်းဆောင်တို့ညှိနှိုင်းသဘောတူညီချက်အရ ပူးပေါင်းခဲ့ပါတယ်။ ၁၉၄၇ အခြေခံဥပဒေပုဒ်မ ၁၉၆ ဖြင့် ချင်းတောင်တန်းခရိုင်နှင့် ရခိုင်တောင်တန်းခရိုင်ပါဝင်သော ချင်းဝိသေသတိုင်းရှိရမည်ဟု အတိအလင်းပြဋ္ဌာန်းခဲ့ပါတယ်။

လွတ်လပ်ရေးရသည်မှစ၍ ပလက်ဝမြို့နယ်အဖြစ်သာပေးထားသဖြင့် ခရိုင်အုပ်ချုပ်ရေးအဆင့်ပျောက်ဆုံးခဲ့ရပါတယ်။ ပြည်နယ်ရုံး၊ ခရိုင်ရုံးတို့မှ အုပ်ချုပ်ရေးအလှမ်းမမီမှုကြောင့် စစ်အစိုးရတက်လာတိုင်း ရခိုင်ပြည်နယ်အုပ်ချုပ်မှုအောက်သို့ရောက်ခဲ့ပါတယ်။ ခုထိအချို့ဌာနတွေကို ရခိုင်ပြည်နယ်အောက် ထားရှိခဲ့ပါတယ်။

ထိုအခြေအနေများကြောင့်လည်း ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်မှာဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ပညာရေးအနိမ့်ကျဆုံးမြို့နယ်အဖြစ် စစ်တမ်းထွက်လာပါတယ်။ ခူမီးတိုင်းရင်းသားနှင့် ခူမီးဒေသဟာ ပြည်ထောင်စုရဲ့အမေ့လျော့ခံနယ်မြေ၊ လျစ်လျူရှုခံလူမျိုးဖြစ်လာခဲ့ပါတယ်။ အခြားတိုင်းရင်းသားလူမျိုးတို့၏ လွှမ်းမိုးမှုအရိပ်မည်းကြီးအောက်တွင် အမျိုးသားအင်္ဂါရပ်လက္ခဏာများနှင့် ခူမီးပုံရိပ်မှေးမှိန်နိမ့်ကျလာပါတယ်။ ခူမီးလူမျိုးအလွှမ်းမိုးခံ၊ ဝါးမျိုခံနေရသဖြင့် လူမျိုးပျောက်မည်ကိုစိုးရိမ်နေရသော အခြေအနေဖြစ်ပါတယ်။ (ဒါကတော့ ခူမီးလူမျိုးသမိုင်းကြောင်းနှင့် အခြေအနေတစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။)

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ခူမီးအမျိုးသားပါတီရဲ့ရည်ရွယ်ချက်၊ မူဝါဒလုပ်ငန်းစဉ်များကို ဆက်လက်တင်ပြပါမယ်။

ပါတီ**မူဝါဒ**ကတော့

(၁) ခူမီးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး
(၂) ခူမီးဒေသ ပလက်ဝတွင်နေထိုင်ကြသော ဌာနေတိုင်းရင်းများဖွံ့ဖြိုးတိုးတက်ရေး
(၃) ဒီမိုကရေစီနှင့် ပင်လုံကိုအခြေခံသော ပြည်ထောင်စုစနစ်ပေါ်ပေါက်ရေးတို့ဖြစ်ပါတယ်။

ပါတီရဲ့**ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်**တွေကတော့

(၁) ခူမီးတိုင်းရင်းသားဒေသဖြစ်သော ပလက်ဝမြို့နယ်ကို ခရိုင်အုပ်ချုပ်ရေးအဆင့် တိုးမြှင့်ခွင့်ရရှိရန်ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားပါမယ်။
(၂) နိုင်ငံရေးအရ ချင်းပြည်နယ်မှာ ခူမီးတိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦးရရှိရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို အစဉ်တစိုက်ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။
(၃) ပညာရေးနှင့်လူထုကျန်းမာရေးကို အထူးတိုးမြှင့်ဆောင်ရွက်သွားပါမယ်။ နယ်စပ်ဒေသနှင့် ဝေးလံခက်ခဲဒေသ ကျေးလက်များကို အလေးထားဆောင်ရွက်သွားပါမယ်။
(၄) လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မြို့နယ်ပြင်ပ ပြည်တွင်း/ပြည်ပ သွားရောက်လုပ်ကိုင်သူတို့၏ အခက်အခဲကို ကူညီဆောင်ရွက်ပေးမည်။
(၅) ဒေသစီးပွားရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကလိုအပ်သော လမ်းတံတားပို့ဆောင်ရေး၊ ဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေရန်နှင့် လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးချေးငွေရရှိရေးဆောင်ရွက်မည်။ အထူးလိုအပ်နေသော ပလက်ဝ-သံထောင်ကားလမ်းဖောက်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။
(၆) နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ရန်နှင့် နယ်စပ်ဖြတ်ကျော် မတရားဝင်ရောက်မှု၊ ဥပဒေမဲ့ရွှေ့ပြောင်းအခြေချနေထိုင်မှုတို့မှ ကာကွယ်သွားမည်။ တရားဥပဒေစိုးမိုးမှုကို ဆောင်ရွက်သွားမည်။
(၇) ပလက်ဝမြို့ကို မြို့ပြစီမံကိန်း တောင်းပလန်ရေးဆွဲ၍ မြို့အင်္ဂါရပ်နှင့်ညီညွတ်လှပအောင် ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း ဆောင်ရွက်မည်။
(၈) စိုက်ပျိုးရေး၊ မွေးမြူရေးကိုအထူးအားပေးမည်။ ဈေးကွက်ရရှိရေး ဒေသထွက်သီးနှံများကို အဆင့်မြှင့်တင်ပို့နိုင်ရေး၊ အရင်းအနှီးရရှိနိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားတို့ဝင်ငွေတိုးအောင်ဆောင်ရွက်ပေးမည်။
(၉) သဘာဝပတ်ဝန်းကျင်ပျက်စီးနေမှုများကို ထိန်းသိမ်းကာကွယ်ရပါမယ်။ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းထူထောင်ရေး၊ နိုင်ငံပိုင်သစ်တောတိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်သွားမည်။
(၁၀) နောက်ဆုံးအချက်ကတော့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့ကို အခြားပါတီ အခြားတိုင်းရင်းသားတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

**ခူမီးတိုင်းရင်းသားအပေါင်းတို့ခင်ဗျား-**

ခူမီးတိုင်းရင်းသားအများဆုံးစုစည်းနေထိုင်တဲ့ ပလက်ဝဒေသဟာ ခရိုင်အဆင့်အတန်းပျောက်ဆုံးခဲ့တာ လွတ်လပ်ရေးနှင့်အတူ (၆၇)နှစ်ရှိပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်မှာဖွံ့ဖြိုးမှုနှင့် ပညာရေးအနိမ့်ကျဆုံးမြို့နယ်၊ ဆင်းရဲဆုံးမြို့နယ် ဖြစ်ခဲ့ရပါတယ်။ တော်လှန်ရေးကောင်စီလက်ထက် ဆမီးမြို့နယ်ရရှိခဲ့ဖူးသော်လည်း ပြန်လည်စွန့်လွှတ်ခဲ့ရပါတယ်။ ဒါကြောင့် ပလက်ဝခရိုင် အဆင့်တိုးမြှင့်ရရှိရေးနှင့်အတူ မြို့နယ်အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေး၊ မြို့များတိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေးဆောင်ရွက်ရန် အရေးတကြီးလိုအပ်ပါတယ်။

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ပလက်ဝမြို့နယ် လူဦးရေတစ်သိန်းခန့်ရှိပါတယ်။ ချင်းပြည်နယ်မှာ လူဦးရေအများဆုံးနှင့် အကျယ်ဆုံးမြို့နယ်၊ ကျေးရွာအများဆုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအများဆုံးမြို့နယ်လည်းဖြစ်ပါတယ်။ တစ်မြို့နယ်လုံး လူဦးရေ၏ ၆၀%ရှိသော ခူမီးတိုင်းရင်းသားလူဦးရေစာရင်းထုတ်ပြန်ခြင်းမရှိသေးသော်လည်း ၆၀၀၀၀ ခန့်ရှိနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(ဂ)နှင့်အညီ ချင်းပြည်နယ်တွင် ခူမီးရေးရာဝန်ကြီးရရှိရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။



(၁၉၄၇ ဖဆပလညီလာခံမှ အတည်ပြုခဲ့သည့် အခြေခံဥပဒေမူကြမ်းပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသော) ခူမီးလူမျိုးသည်

(၁) ပထဝီအနေအထားအရ လွတ်လပ်ရေးမရမီကပင် ရခိုင်မြောက်ပိုင်းတောင်တန်းခရိုင်ဟုထင်ရှားခဲ့သောပလက်ဝမြို့နယ် နယ်နိမိတ်အထင်အရှားရှိခြင်း
(၂) မြန်မာစကား၊ ချင်းစကား၊ ရခိုင်စကားစသည်တို့နှင့်မတူသော ခူမီးတိုင်းရင်းသားဘာသာစကား၊ စာပေအခိုင်အမာရှိခြင်း
(၃) ယဉ်ကျေးမှုအစဉ်အလာတစ်မျိုးတည်းရှိခြင်း
(၄) ရာဇဝင်အစဉ်အလာ တစ်မျိုးတည်းရှိခြင်း
(၅) လူဦးရေအတော်အတန်ရှိခြင်း
(၆) ရေ၊ မြေ၊ ရာသီဥတု သဘာဝအခြေခံကောင်းများရှိသဖြင့် စီးပွားရေးအားဖြင့်ဖူလုံသော လူမျိုးဖြစ်နိုင်ခြေအများဆုံးရှိခြင်းတို့နှင့်ပြည့်မီပြီး
(၇) ပြည်ထောင်စုအတွင်း ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ဖြင့် ခူမီးအမျိုးသားတို့၏ ကိုယ်ပိုင်ထင်ရှားချက် (National Identity)အရ သီးခြားနေလိုသော ဆန္ဒရှိတဲ့လူမျိုးဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုရဲ့ အမေ့အလျော့ခံနယ်မြေ၊ ချင်းပြည်နယ်ရဲ့ လျစ်လျူရှုခြင်းခံနေရတဲ့နယ်မြေအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။ ခူမီးတိုင်းရင်းသားနယ်မြေ၊ နယ်နိမိတ်ကိုလည်း ခွဲထုတ်ဖဲ့ယူပြင်ဆင်ခြင်းခံနေရခြင်း၊ ခူမီးဟူသော ကိုယ်ပိုင်လူမျိုးအမည်ခံယူခြင်းကိုပင်လျှင် စွန့်လွှတ်ရန် ဖိအားပေးခံနေရခြင်းတို့နှင့် ရင်ဆိုင်နေရပါတယ်။

ပြည်ထောင်စုအစိုးရဖွဲ့နိုင်သော ပါတီကြီးများနောက်သို့ အရှူးအမူးလိုက်ပါသွားရင်းအာဏာ၊ ငွေကြေးမက်လုံးနှင့် စကားလုံးလှလှနောက်သို့ တကောက်ကောက်လိုက်ပါသွားရင်းနဲ့ လွတ်လပ်ရေးသက်တမ်းနှင့်အတူ ခူမီးတိုင်းရင်းသားတို့ နိုင်ငံရေးရေတိမ်နစ်ခဲ့ကြရပြီဖြစ်ပါတယ်။ ခူမီးတိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်အမျိုးသားနယ်မြေတည်တံ့ဖို့အရေး ခူမီးလူမျိုး မပျောက်မပျက်ရအောင် အမျိုးသားလုံခြုံမှုအာမခံချက်ရရှိရေးကို ခူမီးအမျိုးသားပါတီက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မဲဆန္ဒရှင်ပြည်သူတို့က တာဝန်ပေးလျှင် လာမည့်လွှတ်တော်တွင်းကနေ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ (မကြာမီ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပြုလုပ်ကျင်းပနိုင်ဖွယ်ရှိတဲ့ ပြည်ထောင်စုညီလာခံ သို့မဟုတ် ဒုတိယပင်လုံညီလာခံတွင်လည်း ခူမီးအမျိုးသားပါတီက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပါတယ်။)

**တိုင်းရင်းသား မဲဆန္ဒရှင်များနှင့် ခူမီးတိုင်းရင်းသားများခင်ဗျား-**

နောက်ဆုံးအနေနဲ့ ဒီမိုကရေစီအခွင့်အရေးရနေရုံမျှဖြင့် ခူမီးတိုင်းရင်းသားတို့၏တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာတွေဟာ အလိုအလျောက်မရနိုင်သလို မိမိတို့လူမျိုးရသင့်ရထိုက်တဲ့ အခွင့်အရေးကို ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်မှ ရနိုင်မည်ဖြစ်ကြောင်း ပြောလိုပါတယ်။ ဘယ်လူမျိုးကမှ အိမ်တိုင်ယာရောက်လာပေးရိုးထုံးစံမရှိပါဘူး။ ဒါကြောင့် (မိမိ၏အခွင့်အရေးနှင့် ခူမီးလူမျိုးအတွက် အခွင့်အရေးကို ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ကြပါ။ မိမိဘဝကို မြှုပ်နှံပြီး အနစ်နာခံဆောင်ရွက်ကြပါ။ ခူမီးအမျိုးသားပါတီနှင့်အတူ လက်တွဲဆောင်ရွက်ကြပါ။) ခူမီးအမျိုးသားပါတီနှင့် ကိုယ်စားလှယ်လောင်းများအား ယုံယုံကြည်ကြည်နဲ့မဲပေးကြပါလို့ အလေးအနက်ပန်ကြားရင်း ရွေးကောက်ပွဲအပြီးမှာလည်း တိုင်းရင်းသားပြည်သူအပေါင်း ကျန်းမာရွှင်လန်းချမ်းမြေ့ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

# ဂန့်ဂေါခရိုင်တွင် မဲပုံးများရောက်ရှိ

**ဂန့်ဂေါ စက်တင်ဘာ ၃၀**

၂၀၁၅ ခုနှစ်တွင် ဂန့်ဂေါခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအတွက် ဂန့်ဂေါခရိုင်သို့ ပေးပို့သည့်မဲပုံးများ စက်တင်ဘာ ၂၇ ရက်က ဂန့်ဂေါမြို့သို့ရောက်ရှိပြီဖြစ်သည်။

ထိုသို့ရောက်ရှိရာတွင် ဂန့်ဂေါခရိုင်အတွင်းရှိ စုစုပေါင်းမဲရုံ ၃၈၈ ရုံအတွက် ပြည်သူ့လွှတ်တော်အတွက် အစိမ်းရောင်မဲပုံး ၃၈၈ လုံး၊ အမျိုးသားလွှတ်တော်အတွက် အပြာရောင်မဲပုံး ၃၈၈ လုံး၊ တိုင်းဒေသကြီးလွှတ်တော်အတွက် ခရမ်းရောင်မဲပုံး ၃၈၈ လုံး၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် အဖြူရောင်မဲပုံး ၁၁၆၇ လုံးတို့ဖြစ်ကြောင်းနှင့် အဆိုပါမဲပုံးများကို သက်ဆိုင်ရာ မြို့နယ်များဖြစ်သည့် ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များသို့ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

# လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

**ငပုတော စက်တင်ဘာ ၃၀**

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ငပုတောမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။ ပြည်သူ့လွှတ်တော်ပါတီခြောက်ခုမှ ကိုယ်စားလှယ်လောင်းခြောက်ဦး၊ အမျိုးသားလွှတ်တော်တွင် ပါတီရှစ်ခုမှ ကိုယ်စားလှယ်လောင်းရှစ်ဦး တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)နှင့် တိုင်းဒေသကြီးလွှတ်တော် (ကရင်တိုင်းရင်းသားရေးရာပါတီ၊ တိုင်းဒေသကြီးလွှတ်တော် ရခိုင်တိုင်းရင်းသားရေးရာပါတီတို့မှ စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ငပုတောမြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၉၀ တို့တွင် စုစုပေါင်း ကိုယ်စားလှယ်မဲရုံပေါင်း ၂၄၆ ရုံ ရှိမည်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၂၁၆၇၀၁ ဦးဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

**မျိုးကျော်သူ (ပြန်/ဆက်)**

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။

လွှတ်တော်အတွင်းမှာ လူထုရဲ့အသံတွေ ညံဖို့ လျှံဖို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို မဲပေးကြပါစို့လို့ တိုက်တွန်းမေတ္တာရပ်ခံပါရစေ။ အဲဒီလိုမေတ္တာရပ်ခံတော့ ကျွန်တော်တို့ပါတီနဲ့ပတ်သက်လို့ ဘာလဲဘယ်လဲဆိုတာကို ရှင်းလင်းတင်ပြခွင့်ပြုပါ။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်မှတ်ပုံတင်ခွင့်ရရှိခဲ့ရတဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်ပေမယ့် ကျွန်တော်တို့ DPNS ဟာ ၁၉၈၈ ဒီမိုကရေစီရေးလှုပ်ရှားတဲ့ ကျောင်းသားဘဝကနေ ကနေ့ထိ ၂၇ နှစ် ၂၈ နှစ်လုံးလုံး ပြည်သူတွေနဲ့အတူ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ အတူ၊ တိုင်းရင်းသားတွေနဲ့အတူ အခက်အခဲမျိုးစုံကို ကျော်ဖြတ်ရင်း ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး ရုန်းကန်လှုပ်ရှားမှုတွေထဲမှာ တစိုက်မတ်မတ် တစ်ရက်မှ မနားဘဲ နေရာအသီးသီးမှာ ပါဝင်ခဲ့သူတွေဖြစ်ကြပါတယ်။ ရှေ့ဆက်ပြီးလည်း ဒီမိုကရေစီထွန်းကားဖို့ တိုင်းရင်းသားများရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိ ဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရဲဘော်ရဲဘက်တွေနဲ့အတူ ပြည်သူတွေနဲ့အတူ အကန့်အသတ်အတားအဆီးတိုင်းကို ရင်ဆိုင်ဖို့ ကျော်လွှားဖို့ အဆင်သင့်ရှိနေတယ်ဆိုတာကိုလည်း ပြည်သူအပေါင်းကို ကတိပြုပြောကြားလိုပါတယ်။

ဆက်ပြီးတင်ပြလိုတာက DPNS က ဘာကို ယုံကြည်သလဲဆိုတာဖြစ်ပါတယ်။ ပါတီဟာ ကျွန်တော်တို့ဟာ လွတ်လပ်မှုကိုမြတ်နိုးတယ်။ တန်းတူရေးကို အလေးထားတယ်။ သွေးစည်းညီညွတ်မှုကို ဆုပ်ကိုင်တယ်။ ကျွန်တော်တို့ဒီနေ့ဒီမိုကရေစီရေးပြောင်းလဲမှုတွေ စစ်စစ်မှန်မှန် ဖြစ်ပေါ်လာဖို့၊ ရှေ့ဆက်ပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေ နက်နက်ရှိုင်းရှိုင်းဖြစ်ဖို့ ကြိုးစားအားထုတ်နေကြတယ်။ ဒီနေရာမယ် မမျှတမှုတွေ၊ တန်းတူရည်တူမရှိမှုတွေကို နေရာအနှံ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ တွေ့ရှိနေရတယ်။ ကျွန်တော်တို့ပါတီဟာ တန်းတူရေးနဲ့ တရားမျှတမှုကို အခိုင်အမာတောင်းဆိုတယ်။ ဒါဟာဒီမိုကရေစီရဲ့ အသက်ဖြစ်တယ်လို့လည်း ကျွန်တော်တို့ပါတီကယုံကြည်တယ်။ တိုင်းပြည်မှာ ခေါင်းပုံဖြတ်မှုတွေ၊ သွေးစုပ်မှုတွေ၊ လက်ဝါးကြီးအုပ်မှုတွေကို နိုင်ငံရေးမှာပဲဖြစ်ဖြစ် စီးပွားရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ် ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်။ တိုက်ဖျက်သွားမှာလည်း ဖြစ်တယ်။ ကျွန်တော်တို့ တိုင်းပြည်ကို တကယ်ပဲ တန်းတူတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့ဆိုရင် ဒီမိုကရေစီအခြေအနေတွေ အပြည့်အဝရှိလာဖို့ အချိန်ယူရလိမ့်မယ်။

လူတစ်ဦးချင်းဆီမှာ တူညီတဲ့တန်ဖိုး၊ တူညီတဲ့ဂုဏ်သိက္ခာ၊ တူညီတဲ့အခွင့်အရေးတွေဟာ မွေးကတည်းက တည်ရှိပြီးဖြစ်တယ်ဆိုတဲ့ အသိ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဖို့လိုတယ်။ ဒီလို အမြစ်တွယ်မှ နိုင်ငံရေးဟာတရားမျှတမယ်။ စီးပွားရေးဟာ တရားမျှတမယ်။ အမျိုးသားတန်းတူရေးကို တည်ဆောက်နိုင်မယ်။ ဒီမိုကရေစီဟာလည်း အဓိပ္ပာယ်ရှိလိမ့်မယ်။ ငြိမ်းချမ်းရေးကိုလည်း ခိုင်ခိုင်မာမာတည်ဆောက်နိုင်မယ်။ ဒါကြောင့် ဒီ ကျွန်တော့်ရဲ့တင်ပြမှုထဲမှာ တိုင်းပြည်က အစဉ်ဖွံ့ဖြိုးတဲ့ တိုင်းပြည်ဖြစ်ဖို့ ကျွန်တော်တို့ အနာဂတ်အတွက် ကလေးသူငယ်တွေနဲ့ ပညာရေးကဏ္ဍကို အလေးပေးတင်ပြလိုတယ်။ မညီမျှမှုတွေ၊ လက်ဝါးကြီးအုပ်တဲ့ အခြေအနေတွေအောက်မှာ ကျွန်တော်တို့ကလေးတွေ လူငယ်တွေရဲ့ ဘဝတွေဟာ မျှော်လင့်ချက်မဲ့နေကြတယ်။ တိုင်းပြည်အနာဂတ်အတွက် အလွန်အရေးကြီးတယ်။ ပြည်သူအားလုံး၊ နိုင်ငံရေးအင်အားစုအားလုံး ဒီကိစ္စကို အလေးအနက် ထားစေချင်တယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍအတွက် သုံးစွဲတဲ့ဘတ်ဂျက်ဟာ အာဆီယံနိုင်ငံများအကြားမှာ အလွန်နည်းပါးပြီး ကမ္ဘာ့နိုင်ငံများတွင်လည်း အနိမ့်ဆုံးအဆင့်မှာ ရှိနေပါတယ်။

**၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်သန်းခေါင်စာရင်းအရ**

အသက် ငါးနှစ်မှ ၁၈ နှစ်အကြား ကလေး ၄ ဒသမ ၄ သန်းက ကျောင်းမနေကြရပါ။ ငါးနှစ်အောက် သေဆုံးမှုမှာ ကလေး ၁၀၀၀ မှာ ၇၂ ယောက်နှုန်းရှိနေပါတယ်။ ကလေးငယ် ၁၀ ယောက်တွင် လေးယောက်မှာ လုံးဝကျောင်းမနေနိုင်ဘဲ ၁၀ နှစ်ကျော်အရွယ် ကျောင်းထွက်ရမှုနှုန်းမှာလည်း မြင့်မားနေပါတယ်။

ဒါဟာယူနီဆက် (UNICEF) ရဲ့ လေ့လာတွေ့ရှိချက်ဖြစ်တယ်။ ဒီအခြေအနေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ကိုဖျက်ဆီးပစ်သလို ဖြစ်နေတယ်လို့ ပါတီက ယုံကြည်တယ်။ ဒီကလေးငယ်တွေ စာသင်ခန်းကိုရောက်ဖို့၊ လူငယ်တွေကိုဆိုရင်လည်း အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ပြီး အဆင့်မြင့်ပညာတွေ ဆက်လက်သင်ယူနိုင်တဲ့ အခြေအနေတွေကိုဖန်တီးပေးဖို့ဟာ ကျွန်တော်တို့တိုင်းပြည်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။

ဒါကြောင့် ပညာရေးနဲ့ ပတ်သက်လို့ ဒီနေ့ သေသေချာချာ ရင်းနှီးမြှုပ်နှံခြင်းဟာ ကလေးသူငယ်တွေနဲ့ပတ်သက်လို့ ဒီနေ့ ခိုင်ခိုင်မာမာ ရင်းနှီးမြှုပ်နှံခြင်းဟာ ကျွန်တော်တို့ တိုင်းပြည်အနာဂတ် သေချာဖို့ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ ထပ်ပြီး တင်ပြချင်ပါတယ်။

**ပညာရေးကဏ္ဍမှာ -**

လူတိုင်းအတွက် ပညာရေးဆိုတဲ့ သဘောထားခံယူမှုနဲ့ ပညာရေးစနစ်ကို တည်ဆောက်ရမယ်။ ပညာရေးဟာ အခွင့်ထူးခံတို့အတွက်မဟုတ်၊ လူတိုင်းအတွက်ဖြစ်ရမယ်ဆိုတဲ့ အတွေးအမြင်ကို ပြန့်ပွားစေရမှာဖြစ်တယ်။ ပါတီဟာ ဗကသများအဖွဲ့ချုပ်နှင့် ကျောင်းသားထုရဲ့ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကို ထောက်ခံခဲ့တယ်။ လွတ်လပ်တဲ့၊ တန်းတူတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီပညာရေးစနစ်ကို တောင်းဆိုတယ်။ ပညာရေးနှင့်ပတ်သက်လို့ လတ်တလော အရေးတကြီးလုပ်ဆောင်စရာတွေရှိတယ်လို့ ပါတီက ယုံကြည်တယ်။ အဲဒါတွေကတော့-

- ငြိမ်း၊ စု၊ စီနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြန်လည်သုံးသပ်သင့်တယ်။ မလိုအပ်ဘူးထင်တယ်။ ဖျက်သိမ်းသင့်တယ်။ အသင်း အပင်းဖွဲ့ စည်းခွင့်တွေနဲ့ပတ်သက်တဲ့ ဥပဒေတွေလည်း ရှိသင့် မရှိသင့် ကျွန်တော်တို့ သုံးသပ်သင့်တယ်။
- လူနည်းစုတွေကို တစ်စုံတစ်ရာကန့်သတ်ချုပ်ချယ်ထားတယ်လို့ ယူဆရတဲ့ ဥပဒေတချို့ကို ကျား-မ တန်းတူရေးကို ထိခိုက်စေတယ်လို့ ယူဆရတဲ့ ဥပဒေတချို့ကိုလည်း ပြန်လည်ပြင်ဆင်ဖို့ သို့မဟုတ် မလိုအပ်တာတွေကို ဖျက်သိမ်းဖို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တောင်းဆိုသွားမှာ ဖြစ်တယ်။
- အကျဉ်းထောင်တွေဟာ နှိပ်စက်ညှဉ်းပန်းတဲ့ နေရာများမဖြစ်စေရဘဲ၊ ပြုပြင်တည့်မတ် ထိန်းသိမ်းပေးတဲ့စခန်းတွေဖြစ်လာရေးဆိုတာကို တောင်းဆိုသွားမယ်။ အကျဉ်းထောင်လက်စွဲဥပဒေတစ်ခုလုံးကို ဒီမိုကရေစီအခြေခံများနဲ့အညီ ပြင်ဆင်ကိုင်စွဲ ကျင့်သုံးသွားနိုင်ဖို့လည်း တောင်းဆိုမယ်။

**အုပ်ချုပ်ရေးကဏ္ဍနဲ့ ပတ်သက်လို့-**

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကစပြီးတော့ မြို့နယ်၊ ခရိုင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ နိုင်ငံတော်သမ္မတအထိ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သင့်တယ်။

အုပ်ချုပ်ရေးကဏ္ဍနဲ့ဆက်စပ်ပြီး ဝန်ကြီးဌာနတွေပေါင်းစည်းကာ၊ မလိုအပ်တဲ့ ဝန်ကြီးဌာနတွေကို ဖျက်သိမ်းတာတွေကို သေသေချာချာ ဆွေးနွေးသုံးသပ်ပြီး ဆောင်ရွက်သွားဖို့လိုမယ်။ တစ်ဆက်တစ်စပ်တည်းမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ပတ်သက်လို့ ကျွန်တော်တို့အမြင်ကို တင်ပြပြောဆိုလိုပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ကိုင်တွယ် သင့်တယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့လက်အောက်မှာ မရှိသင့်ဘူး။ တရားစီရင်ရေးနဲ့ ဆက်စပ်နေတဲ့ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်းတွေဟာလည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့လက်အောက်မှာ မရှိသင့်ဘူး။

**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့အနေနဲ့ တန်းတူရေးအခြေခံတွေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်တွေကို မြှင့်တင်နိုင်ဖို့ အဓိကထား တင်ပြခဲ့တာကို သတိပြုမိမယ်လို့ယူဆပါတယ်။ ပြည်သူတွေ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကျော်လွှားဖို့တင်ပြမယ်ဆိုရင် လယ်ယာမြေကိစ္စ၊ လယ်သမားကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ပြည်သူ့ဝန်ထမ်းတွေရဲ့လူနေမှုဘဝမြှင့်တင်ရေး ဒါတွေကို ချန်လှပ်ထားလို့မရပါဘူး။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလို အခြေခံဥပဒေအရ လယ်သမားတွေ၊ အလုပ်သမားတွေကို ကာကွယ်၊ အာမခံနိုင်အောင် နိုင်ငံရေးအင်အားစုအသီးသီးနဲ့ ပြည်သူတွေကို ကျွန်တော်တို့ပါတီအနေနဲ့ ကြိုးစားပြီး မေတ္တာရပ်ခံသွားမှာ ဖြစ်တယ်။ လက်ရှိတိုင်းပြည်မှာ လယ်သမားအကျိုးစီးပွားကာကွယ်မြှင့်တင်တဲ့ ဥပဒေရှိတယ်။ မြေအသုံးချရေးမူဝါဒနဲ့ပတ်သက်လို့ ရေးဆွဲနေကြတယ်။ ကျွန်တော်တို့ ယူဆတာက လယ်ယာမြေပြုပြင်ပြောင်းလဲရေးဟာ တစ်တိုင်းပြည်လုံး ပြည်သူတွေရဲ့ဘဝတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်။ တိုင်းပြည်ရဲ့စီးပွားရေးဘဝတစ်ခုလုံးဖြစ်တယ်။ ဒီလိုအရေးကြီးတဲ့မူဝါဒမျိုးကို တစ်တိုင်းပြည်လုံးကိုလွှမ်းခြုံတဲ့ ညီလာခံလို ဆွေးနွေးပွဲမျိုးတွေက ချမှတ်သင့်တယ်။ ပြည်သူအသီးသီးရဲ့ ပူးပေါင်းပါဝင်မှုကို ဖိတ်ခေါ်သင့်တယ်။ ဆက်စပ်လို့တင်ပြချင်တာက လယ်သမားအကျိုးစီးပွားကာကွယ်မြှင့်တင်ရေး ဥပဒေမှာဆိုရင် လယ်သမားနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ လုပ်ကွက်ငယ်လယ်သမားတွေကို မြေမဲ့ယာမဲ့ဖြစ်စေတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းစာသင်ခန်းပြင်ပတွင်ရောက်ရှိနေတဲ့ ကလေးသူငယ်အားလုံး ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ဥပဒေအရ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းတောင်းဆိုသွားမယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာ အလွန်အခရာကျတယ်။ ပညာရေးဝန်ထမ်းများနဲ့ ဆရာ ဆရာမများရဲ့ စားဝတ်နေရေးဖူလုံမှုအတွက် လုပ်ခလစာတိုးမြှင့်နိုင်ရေးကို ကြိုးပမ်းတောင်းဆိုသွားမယ်။

အလုပ်အကိုင်လိုအပ်လျက်ရှိတဲ့ လူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေးကို ကြိုးပမ်းတောင်းဆိုသွားမယ်။

နိုင်ငံတော်ရဲ့ ပညာရေးအသုံးစရိတ်ကို နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ တစ်တိုင်းပြည်လုံးအသုံးစရိတ်ရဲ့ အနိမ့်ဆုံး ၂၀ ရာခိုင်နှုန်း သတ်မှတ်နိုင်ဖို့ ကြိုးပမ်းတောင်းဆိုသွားမယ်။

ဒီအခြေအနေတွေနဲ့ ဆက်စပ်ပြီး ကျန်းမာရေးကဏ္ဍကိုလည်း ကျွန်တော်တို့ တင်ပြလိုတယ်။

ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ကျန်းမာရေးဟာ လူ့အခွင့်အရေးဖြစ်တယ်လို့ ခိုင်ခိုင်မာမာယုံကြည်တယ်။

လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ လူမှုရေးနောက်ခံ ခွဲခြားခြင်းမရှိဘဲ လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်ရှိစေရမယ်လို့ ယုံကြည်တယ်။ တိုင်းပြည်ရဲ့ ကျန်းမာရေးအသုံးစရိတ်ကို လုံလုံလောက်လောက်မြှင့်တင်ဖို့ ကျွန်တော်တို့ တောင်းဆိုမယ်။ လူတိုင်း လူတိုင်း တန်းတူညီတူ ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်ရဖို့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အာမခံစနစ်တစ်ရပ်ထားရှိနိုင်ရေး အဆိုပြုကြိုးပမ်းသွားမယ်။

ကျွန်တော်တို့ ဒီနေ့မူဝါဒဆိုင်ရာ တင်ပြမှုမှာ တိုင်းပြည်အတွင်းမှာရှိတဲ့ ကလေးသူငယ်အားလုံးရဲ့ ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာ တန်းတူမှုကို အခိုင်အမာတောင်းဆိုတယ်။ ပြည်သူတစ်ရပ်လုံးအတွက်လည်း ဒီတောင်းဆိုမှုကို အလေးအနက်တောင်းဆိုတယ်။

ဒီလိုတန်းတူမှုအခြေခံတွေကို ကျွန်တော်တို့တောင်းဆိုရာမှာ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ဒီမိုကရေစီရေးအခြေခံတွေ ခိုင်မာဖို့လိုတယ်။ ဒီမိုကရေစီရေး ဝန်းကျင်ပီပြင်ဖို့လိုတယ်။ အဲဒီလိုဒီမိုကရေစီရေးအခြေခံတွေ ပီပြင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ လွတ်လပ်ခွင့်နဲ့လုံခြုံ၊ ငြိမ်းချမ်းမှုတွေကို ထိခိုက်နေတဲ့ ကန့်သတ်ထားတယ်လို့ ယူဆရတဲ့ ဥပဒေတွေကို ပြင်ဆင်ဖို့ ဒါမှမဟုတ် ဖျက်သိမ်းဖို့လိုအပ်တယ်။ ဥပမာအားဖြင့်-

**သတင်းလွတ်လပ်ခွင့်တွေနဲ့ပတ်သက်လို့-**

၁၉၂၃ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်လို့ယူဆတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ရှိသင့်-မရှိသင့် ပြန်လည်သုံးသပ်သင့်တယ်။ ၂၀၁၄ ပုံနှိပ်ထုတ်ဝေခြင်းဥပဒေကို ပြန်လည်သုံးသပ်သင့်တယ်။

**ဒီမိုကရေစီအခြေခံတွေနဲ့ပတ်သက်လို့၊ လူ့အခွင့်အရေးနဲ့ပတ်သက်လို့-**

ဒါကြောင့် ဒီဥပဒေတွေ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ဖို့ ကျွန်တော်တို့ တောင်းဆိုလိုတယ်။ အလုပ်သမားကိစ္စမှာလည်း အလုပ်ချိန်သတ်မှတ်ရာမှာ တစ်ရက် ရှစ်နာရီ၊ တစ်ပတ်ကို နာရီ ၄၀ နဲ့ အနိမ့်ဆုံးလုပ်ခလစာကတော့ အလုပ်သမားတစ်ဦးနဲ့ မှီခိုသူအနည်းဆုံး နှစ်ဦး ဖူလုံစေတဲ့လုပ်ခလစာဖြစ်သင့်တယ်။ ငွေကြေးဖောင်းပွမှုတွေရှိလို့ ဒီဖောင်းပွမှုတွေနဲ့အညီ နှစ်စဉ်လုပ်ခလစာကို ပြန်လည်သုံးသပ်သတ်မှတ်သင့်တယ်။ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးကိစ္စတွေကို အစိုးရက ထိထိရောက်ရောက်အာမခံပေးသင့်တယ်လို့ ကျွန်တော်တို့ ယူဆတယ်။ပြည်သူ့ဝန်ထမ်းတွေအနေနဲ့လည်း လုပ်ခလစာနည်းမှု၊ စားဝတ်နေရေး မဖူလုံမှုနဲ့ စရိတ်စကကြီးမားမှုဒဏ်တွေကို အလူးအလဲခံနေကြရတယ်။ပြည်သူ့ဝန်ထမ်းလုပ်ချင်တဲ့ ပညာတတ်လူငယ်ဦးရေ နည်းပါးလာတာ တွေ့ရတယ်။လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံမှာလို ပြည်သူ့ဝန်ထမ်းတို့ရဲ့ဘဝကို ပြန်လည်ရောက်ရှိနိုင်ဖို့ ကြိုးပမ်းအားထုတ်ကြရမယ်လို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါတယ်။

**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီနေ့ကာလမှာ တစ်တိုင်းပြည်လုံး အပြောင်းအလဲအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာလည်း ဒီမိုကရေစီရေး အနှစ်သာရနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ နိုင်ငံရေးအရ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံဖို့လည်း လိုအပ်ပါတယ်။

တိုင်းပြည်ရဲ့ ဒီမိုကရေစီအပြောင်းအလဲ တိုးတက်ကောင်းမွန်ဖို့ ငြိမ်းချမ်းဖို့အတွက်ဆိုရင် တိုင်းပြည်အတွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုအသီးသီး၊ လူထုလူတန်းစားအဖွဲ့အသီးသီးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကတစ်ဆင့် ဒီနေ့တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ အခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း၊ ငြိမ်းချမ်းရေးဆိုင်ရာအကျပ်အတည်းတွေကို ကျော်လွှားရလိမ့်မယ်လို့ ယုံကြည်တယ်။ အခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ပါတီဟာ နိုင်ငံရေးအင်အားစုအသီးသီးနဲ့ လက်တွဲရုန်းကန်သွားမှာဖြစ်တယ်။ ကနေ့ တိုင်းပြည်မှာ အဓိကလိုအပ်နေတာက နိုင်ငံရေး အင်းအားစုအသီးသီးနဲ့ တိုင်းရင်းသားအင်အားစုများက သဘောတူပြီး ပြည်သူလူထုက ပူးပေါင်းပါဝင်ထောက်ခံတဲ့၊ တိုင်းပြည်ရှေ့ဆက်ဘယ်လိုသွားမလဲဆိုတဲ့ သဘောတူညီမှု ( National Accord) ဖြစ်တယ်။ ဒါဟာ အမျိုးသားသွေးစည်းညီညွတ်ရေးကို တစ်ပြိုင်နက်တည်း တည်ဆောက်ခြင်းနဲ့အတူ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းလည်းဖြစ်တယ်လို့ ကျွန်တော်တို့ အခိုင်အမာယုံကြည်တယ်။

**ချစ်ခင်လေးစားရပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ရဲ့ တင်ပြချက်တွေဟာ ဒီနေ့လူထုရဲ့ လိုအပ်ချက်တွေဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ လူထုအတွက် DPNS ဖြစ်တယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဖြစ်တယ်။ လူထုအရေးတွေကို ထိထိရောက်ရောက် မကြောက်မရွံ့ ကိုယ်ကျိုးကို နည်းနည်းမှ မကြည့်ဘဲ တင်ပြဆွေးနွေးမယ့် နိုင်ငံရေးပါတီကို ရွေးချယ်မယ်ဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနဲ့ ကိုယ်စားလှယ်လောင်းတွေကို ဆန္ဒမဲပေးရွေးချယ်ကြပါလို့ တိုက်တွန်းမေတ္တာရပ်ခံပါရစေခင်ဗျား။

ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ဟာ **ပြည်သူသာ အမိ၊ ပြည်သူသာ အဖ** ဖြစ်ပါတယ်။ ပြည်သူတွေကို အမိ၊ အဖအရာထားပြီးအလုပ်အကျွေးပြုခွင့်ပေးပါလို့ ထပ်မံမေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# ကရင်အမျိုးသားပါတီက
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

**ကရင်အမျိုးသားပါတီဥက္ကဋ္ဌ ဦးမန်းသိန်းရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားပါတီတစ်ခုဖြစ်တဲ့ ကရင်အမျိုးသားပါတီ (Karen National Party) K.N.P ရဲ့ နိုင်ငံရေးအမြင်သဘောထားကို တင်ပြပါမယ်။

ဦးစွာ ပထမခေါင်းစဉ်နှစ်ခုကို ရွေးချယ်ထားပါတယ်။ ပထမခေါင်းစဉ်ကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဒီမိုကရက်တိုင်ဇေးရှင်းနှင့် ဒုတိယခေါင်းစဉ်ကတော့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးတို့ပဲဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဒီမိုကရက်တိုင်ဇေးရှင်းမြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးဖြစ်စဉ်ဟာ ဒီမိုကရေစီအပြောင်းအလဲကိုသွားနေတဲ့ ကာလပဲဖြစ်ပါတယ်။ ဒီမိုကရေစီမရှိတဲ့အခြေအနေကနေ ဒီမိုကရေစီကိုရှေးရှုတဲ့ ပြောင်းလဲမှုခရီးစဉ်ပဲဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေဟာ ဒီမိုကရေစီကိုရောက်နေတာမဟုတ်ဘဲ ဒီမိုကရေစီကို လျှောက်နေတဲ့ ခရီးလမ်းမှာပဲ ရှိနေတာဖြစ်ပါတယ်။

ဒီခရီးစဉ်ကိုသွားနေတဲ့ ဒီမိုကရေစီလှိုင်းမှာ နောက်ပြန်လှိုင်း (Reverse Wave) များလည်းရှိတတ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ရွေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီကို ကူးပြောင်းဖို့သွားနေတာဖြစ်ပြီး အမေရိကန်နိုင်ငံမှ ပညာရှင်ဖရန့်စစ်ဖူကူယာမရဲ့အဆိုအရ ဒီမိုကရေစီကိုကူးပြောင်းဖို့ လီဗာ (၅) ချောင်း (သို့) ကုတ် (၅) ချောင်းနဲ့ မတင်ရမယ်လို့ဆိုပါတယ်။

အဲဒီကုတ်(၅)ချောင်းကတော့-

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ကုတ် (Economic Growth Lever)

(၂) နိုင်ငံတည်ဆောက်ရေးဆိုတဲ့ကုတ် (State Building Lever)

(၃) တရားဥပဒေစိုးမိုးရေးဆိုတဲ့ကုတ် (Rule of Law Lever)

(၄) တာဝန်ခံသောအစိုးရဆိုတဲ့ကုတ် (Accountable Government Lever)

(၅) လူမှုနိုးကြားလှုပ်ရှားမှုကုတ် (Social Mobilization Lever) တို့ပဲဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် တင်ကူးအခြေအနေ (Precondition) အချို့ရှိဖို့လိုအပ်ပါတယ်။ အဲဒီ တင်ကူးအခြေအနေများကတော့-

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိထားနှင့်ရပါမယ်။

(၂) အမှီအခိုကင်းတဲ့ လူလတ်တန်းစားဖြစ်ပေါ်လာရေးနှင့် လွတ်လပ်စွာလှုပ်ရှားနိုင်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) လည်း ရှိထားဖို့လိုအပ်ပါတယ်။

(၃) စေစပ်ညှိနှိုင်းအဖြေရှာတတ်တဲ့ ဒိုင်ယာလော့ခ် (Dialogue) ယဉ်ကျေးမှု တစ်နည်းအားဖြင့် ဒီမိုကရေစီယဉ်ကျေးမှုဓလေ့ (Democratic Culture) တွေလည်းရှိနှင့်ပြီးသားဖြစ်ရပါမယ်။

ဒီတင်ကူးအခြေအနေ(၃)ရပ်ရှိထားမှသာ ဒီမိုကရေစီကူးပြောင်းရာမှာ လွယ်ကူသွားနိုင်ပါတယ်။ ဒါပေမယ့် အဆိုပါတင်ကူးအခြေအနေများ အပီအပြင်ပေါ်ပေါက်လာတဲ့အထိ ဒီမိုကရက်တိုင်ဇေးရှင်းကို အချိန်ရွှေ့ထားမယ်ဆိုရင်လည်း သဘာဝမကျပါဘူး။ တင်ကူးအခြေအနေဖြစ်ပေါ်လာအောင်ကြိုးပမ်းရင်း တစ်ပြိုက်နက်တည်းမှာ ဒီမိုကရက်တိုင်ဇေးရှင်းကိုလည်း အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။

အဲ့ဒီလိုအခြေအနေမျိုးမှာ အလွန်အန္တရာယ်ကြီးတဲ့နောက်ပြန်လှိုင်းမထိဖို့လည်း သတိထားရပါမယ်။ ပညာရှင်တစ်ဦးဖြစ်တဲ့ သောမတ်စ် ကရိုသာ (Thomas Croetha) က နောက်ပြန်လှိုင်းထိနိုင်တဲ့ အခြေအနေ(၅)ရပ်ကို တင်ပြထားပါတယ်။

(၁) စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ပါးလွန်းခြင်း။

(၂) နိုင်ငံရဲ့ခနဟာ တစ်ခုတည်းသောသယံဇာတအရင်းအမြစ်ပေါ်မှာ မှီခိုနေရခြင်း။

(၃) အမှတ်အသားသရုပ်ဆိုင်ရာ အကွဲအပြဲများရှိနေခြင်း (Identity Base Division) တစ်နည်းအားဖြင့် ပြည်တွင်းပဋိပက္ခဖြစ်နေခြင်း။

(၄) ဗဟုဝါဒ (Pluralism) အတွေ့အကြုံနည်းပါးခြင်း။

(၅) ဒီမိုကရက်တစ်မဟုတ်တဲ့ အိမ်နီးချင်းနိုင်ငံများရှိနေခြင်း (အထူးသဖြင့် ဒီမိုကရက်တစ်မဟုတ်တဲ့ စူပါပါဝါနိုင်ငံရဲ့ ဩဇာစက်ဝန်းအတွင်းမှာ ရောက်ရှိနေခြင်း)တို့ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ဒီမိုကရက်တိုင်ဇေးရှင်းကို အလွန်သတိထားပြီး လုပ်ဆောင်ရမယ်လို့ထင်မြင်မိပါတယ်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုတင်ပြမယ့် ဒုတိယခေါင်းစဉ်ကတော့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနှစ်ပေါင်းများစွာက စုပေါင်းနေထိုင်လာကြတဲ့ နိုင်ငံဖြစ်ပါတယ်။ ပထမအကြိမ် ၁၈၂၄ ခုနှစ်၊ ဒုတိယအကြိမ် ၁၈၅၂ ခုနှစ်၊ တတိယအကြိမ် ၁၈၈၅ ခုနှစ်မှာဖြစ်ခဲ့တဲ့ ကိုလိုနီနယ်ချဲ့ ကျူးကျော်စစ်တွေကြောင့် တိုင်းရင်းသားအားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ တိုင်းရင်းသားအားလုံးတစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးရယူဖို့ ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ် ဖဆပလ၏ပဏာမပြင်ဆင်မှုညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်မှု(၇)ချက်ကို တင်သွင်းခဲ့ပြီး တစ်ပြည်ထောင်စနစ်နိုင်ငံ(Unitary State)နှင့်သွားလို့မဖြစ်ဘူး ပြည်ထောင်စုစနစ်(Union State)နှင့်သွားဖို့ မိန့်ကြားခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းခဲ့တဲ့ လမ်းညွှန်မှု(၇)ချက်ကတော့-

(၁) အချုပ်အခြာအာဏာပိုင်သည့် ဖွဲ့စည်းပုံဖြစ်ရမယ်။

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိတဲ့ ပြည်နယ်များနဲ့တန်းတူရည်တူ ပြည်ထောင်စုဖြစ်ရမယ်။

(၃) နိုင်ငံတော်အာဏာဟာပြည်သူထံမှ ဆင်းသက်ရမယ်။

(၄) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူမျိုးဘာသာမရွေးတန်းတူညီမျှမှုရှိရမယ်။

(၅) လူနည်းစုအခွင့်အရေးကိုကာကွယ်ပေးရမယ်။

(၆) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး အချုပ်အခြာအာဏာစိုးမိုးရေးကို ဥပဒေနှင့်ထိန်းသိမ်းစောင့်ရှောက်ရမယ်။

(၇) ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် နိုင်ငံတကာနှင့်ငြိမ်းချမ်းစွာဆက်ဆံသွားရမယ်လို့ လမ်းညွှန်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားပြီးနောက်ပိုင်း ပေါ်ပေါက်လာတဲ့အစိုးရနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်ကနေသွေဖည်ပြီး တစ်ပြည်ထောင်စနစ်ကို ရောက်ရှိသွားခဲ့တာကြောင့် တိုင်းရင်းသားများ၏ဆန္ဒနှင့် မျှော်မှန်းချက်တွေဝေးသွားခဲ့ရပြီး ပြည်တွင်းပဋိပက္ခအမြင့်ဆုံးဖြစ်တဲ့ ပြည်တွင်းစစ်ကြီးဖြစ်ခဲ့တာဟာ ရာစုနှစ်တစ်ဝက်ကျော်ကြာမြင့်လာခဲ့ရပါတယ်။

ပြည်တွင်းစစ်၏ဆိုးကျိုးကြောင့် တိုင်းပြည်ဓနအင်အားဆုံးရှုံးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များပြုန်းတီးခြင်းစတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေဆုံးရှုံးခဲ့ရတဲ့အပြင် အချိန်ကာလကြာမြင့်စွာကုစားမှ ရနိုင်မယ့်စိတ်ပိုင်းဆိုင်ရာပျက်စီးဆုံးရှုံးမှုဖြစ်တဲ့တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ယုံကြည်မှု ပျက်စီးသွားတာ အဆိုးဆုံးပဲဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ ဗဟိုအစိုးရကိုလွန်ကဲစွာ အာဏာပေးထားပြီး တစ်ပြည်ထောင်စနစ်ပဲဖြစ်ပါတယ်လို့ ဥပဒေပညာရှင် ရွှေ့နေကြီး ဦးချန်ထွန်းကိုယ်တိုင် ဝန်ခံသွားခဲ့ပါတယ်။ ဥပဒေပညာရှင်တော်တော်များများကလည်း တစ်ပြည်ထောင်စနစ်ပဲ ဖြစ်ပါတယ်လို့ သတ်မှတ်ခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာမှာ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိပေမယ့် ရှမ်းအမျိုးသားများဦးဆောင်တဲ့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက ခွဲထွက်ရေးကိုမတောင်းဆိုဘဲ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကိုဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုနဲ့ ပြည်ထောင်စုဖွဲ့စည်းရေးကို ဥပဒေဘောင်အတွင်းကနေ တင်ပြခဲ့ကြပါတယ်။

ဒါပေမယ့် ပမညတခေါင်းဆောင် ဝိဓူရသခင်ချစ်မောင်နဲ့ ဖဆပလ (တည်မြဲ) ခေါင်းဆောင်ဦးဗဆွေတို့က တစ်ပြည်ထောင်စနစ်နှင့်သာ သွားသင့်တဲ့အကြောင်း ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုကို ခွဲထွက်ရေးလို့စွပ်စွဲပြီး ကန့်ကွက်ခဲ့ကြတယ်။ နေးရှင်းသတင်းစာ၊ အထောက်တော်သတင်းစာနဲ့ ဗမာ့ခေတ်သတင်းစာများကလည်း တိုင်းရင်းသားတွေ ခွဲထွက်တော့မယ်ဆိုတဲ့ ကောလာဟလ သတင်းတွေရေးသားဖြန့်ချိခဲ့ကြတယ်။

၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်တဲ့ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကိုသိမ်းလိုက်ပြီးနောက်ပိုင်း တိုင်းရင်းသားများလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ ဥပဒေဘောင်အတွင်းက တင်ပြလို့မရတော့ပါဘူး။ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုဆိုတာ တိုင်းရင်းသားများတန်းတူရည်တူအခွင့်အရေးရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ရပါမယ်။ လူမျိုးပေါင်းစုံရောနှောနေထိုင်ကြတဲ့တိုင်းပြည်ဟာ လူမျိုးအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စစ်မှန်တဲ့ဖက်ဒရယ်စနစ်နဲ့သာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဗဟိုအစိုးရဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပိုင်ခွင့်ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမှသာ မိမိတို့ရဲ့အမျိုးသားရေးလက္ခဏာ (National Identity)ကိုထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်တယ်။ နိုင်ငံတကာမှာလည်း ဖက်ဒရယ်စနစ်နဲ့ကျင့်သုံးတဲ့ နိုင်ငံများစွာရှိပါတယ်။ တကယ်တော့ ဖက်ဒရယ်ဆိုတာခွဲထွက်ရေးမဟုတ်ပါဘူး။ ပေါင်းစည်းရေးသာဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်ရဲ့ အကျိုးကျေးဇူးများကို ပြောရမယ်ဆိုရင်-

(၁) လူဦးရေများပြီး နယ်နိမိတ်ကျယ်ဝန်းတဲ့ နိုင်ငံတွေအတွက် အာဏာခွဲဝေမှုမျှတပြီး အုပ်ချုပ်ရေးမှာ ပိုမိုထိရောက်တာတွေ့ရပါတယ်။

(၂) လူနည်းစုကို အသိအမှတ်ပြုအခွင့်အရေးပေးထားတဲ့အတွက်ကြောင့် လူမျိုးရေးပြဿနာမရှိနိုင်ပါဘူး။

(၃) လူမျိုးကွဲများတဲ့နိုင်ငံမှာ ဖက်ဒရယ်စနစ်မကျင့်သုံးရင် လူအများစုက လူနည်းစုကို လွှမ်းမိုးခြယ်လှယ်နိုင်ပါတယ်။

(၄) ဖက်ဒရယ်စနစ်ဟာ အာဏာရှင်စနစ်ကို ဆန့်ကျင်တယ်။ အာဏာသိမ်းမှုကိုလည်း ကာကွယ်တယ်။

(၅) ဗဟိုပြည်နယ်ဒေသအစိုးရတို့ရဲ့အာဏာချိန်ခွင်လျှာညီမျှအောင် ထိန်းညှိပေးနိုင်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲနိုင်ပါဘူး။

ဒါကြောင့်မို့ ကျွန်တော်တို့ကရင်အမျိုးသားပါတီက ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေးကို ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားပါတီ(Karen National Party)(KNP)ရဲ့ ရည်ရွယ်ချက်နဲ့ မူဝါဒကတော့-

(၁) တိုင်းရင်းသားအားလုံးတန်းတူညီတူအခွင့်အရေးရရှိဖို့နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊

(၂) စစ်မှန်တဲ့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေး၊

(၃) တိုင်းရင်းသားမိဘပြည်သူအားလုံး လုံခြုံမှုပေးနိုင်မည့် တရားဥပဒေစိုးမိုးမှုဖြစ်ပေါ်ရေး၊

(၄) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုသိရှိနားလည်ပြီး ဒီမိုကရက်တစ်ယဉ်ကျေးမှုဓလေ့ကိန်းအောင်း ရှင်သန်နိုင်ရေး၊

(၅) ကရင်အမျိုးသားထုတစ်ရပ်လုံးကို လွှမ်းခြုံကိုယ်စားပြုသည့် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရေးတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားမိဘပြည်သူများအားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ပြီး လိုရာဆန္ဒများရရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

## ပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလတို့သည် ၎င်းတို့၏ရပ်တည်ချက်သဘောထားများအား ပြည်သူလူထုသို့ ချပြမဲဆွယ်ရေးလှုပ်ရှားမှုများကို ပါတီအောင်နိုင်ရေးအဖွဲ့များနှင့်အတူ စက်တင်ဘာ ၈ ရက်မှစ၍ ကွင်းဆင်းဟောပြောမဲဆွယ်စည်းရုံးလျက်ရှိသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ပါတီခြောက်ခုနှင့်အတူ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လေးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါတီကိုယ်စားလှယ် ခုနစ်ဦးနှင့် တစ်သီးပုဂ္ဂလ နှစ်ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)တွင် ပါတီကိုယ်စားလှယ် ငါးဦး၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)တွင် ပါတီကိုယ်စားလှယ် ခြောက်ဦး၊ တစ်သီးပုဂ္ဂလ တစ်ဦး၊ တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ပါတီကိုယ်စားလှယ်ငါးဦးနှင့် တစ်သီးပုဂ္ဂလ တစ်ဦး၊ တိုင်းဒသကြီးလွှတ်တော်မဲဆန္ဒနယ် ကရင်တိုင်းရင်းသားတွင် ပါတီကိုယ်စားလှယ်လေးဦးနှင့် တိုင်းဒေသကြီးလွှတ်တော် ရခိုင်တိုင်းရင်းသားတွင် ပါတီကိုယ်စားလှယ်သုံးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်မြို့နယ်လုံးမဲဆန္ဒရှင်ပြည်သူ ခြောက်သောင်း ရှစ်ထောင်ကျော် မဲပေးခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**